ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ တနင်္လာနေ့၊ (30-3-2015) (၈၁၆၀)

**မျက်မှောက်လောက ကြီးပွားကြောင်းတရား လေးပါး**

- * ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လဝီရိယနှင့် ပြည့်စုံမှု၊
- * အာရက္ခသမ္ပဒါ - စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊
- * ကလျာဏမိတ္တတာ - မိတ်ဆွေကောင်းရှိမှု၊
- * သမဇီဝိတာ - မျှတစွာ အသက်မွေးမှု။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

| | | | |
|---|---|---|---|
| မြဝတီ | ၁ | ဒသမ | ၅၀ လက်မ |
| မိုးမိတ် | သုည | ဒသမ | ၉၈ လက်မ |
| ပုသိမ် | သုည | ဒသမ | ၆၇ လက်မ |
| ဟသ်္သာတ | သုည | ဒသမ | ၄၃ လက်မ |
| ကလေးဝ | သုည | ဒသမ | ၃၁ လက်မ |
| ကျိုင်းတုံ | သုည | ဒသမ | ၁၅ လက်မ |
| နမ့်စန် | သုည | ဒသမ | ၁၅ လက်မ |
| ကလေး | သုည | ဒသမ | ၁၅ လက်မ |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ လီကွမ်ယူ၏ ဈာပနအခမ်းအနား တက်ရောက်

**နေပြည်တော် မတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ လီကွမ်ယူ၏ ဈာပနအခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှထွက်ခွာရာ စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးဌေးအောင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဝန်ကြီးချုပ်ဟောင်း မစ္စတာ လီကွမ်ယူ၏ ဈာပနအခမ်းအနားကျင်းပမည့် စင်ကာပူအမျိုးသားတက္ကသိုလ် ယဉ်ကျေးမှုစင်တာသို့ သွားရောက်ပြီး ဈာပနအခမ်းအနား တက်ရောက်သည်။

နိုင်ငံတော်သမ္မတသည် စင်ကာပူဝန်ကြီးချုပ်ဟောင်း မစ္စတာ လီကွမ်ယူကွယ်လွန်ခြင်းအတွက် ယဉ်ကျေးမှုစင်တာဧည့်ခန်းမ၌ ဖွင့်လှစ်ထားသည့် မှတ်တမ်းစာအုပ်တွင် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးသည်။

စင်ကာပူဝန်ကြီးချုပ်ဟောင်း၏ ဈာပနအခမ်းအနားသို့ ဘရူနိုင်းနိုင်ငံဘုရင် ဟာဆင်နယ်ဘိုလ်ကီးယား၊ မလေးရှားနိုင်ငံဘုရင် အဗ္ဗဒူလ်ဟာဟင်၊ ဘူတန်နိုင်ငံဘုရင် နန်ဂျေဝန်ချောက်၊ တောင်ကိုရီးယားနိုင်ငံသမ္မတ ပတ်ဂွမ်ဟေး၊ အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒို၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် တိုနီအက်ဘော့၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုနိုင်ငံဝန်ကြီးချုပ် သွန်ဆင်သမ်မာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာရွတ်ချန်အိုချာ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ငုယင်တန်ဇွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ ယီယန်ချောင်၊ အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း ဘီလ်ကလင်တန်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ လီကွမ်ယူကွယ်လွန်ခြင်းအတွက် မှတ်တမ်းစာအုပ်တွင် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

# နယ်သာလန်မိဖုရား မက်ဆီမာ၏ ကိုယ်ရေးအကျဉ်း



နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ။

နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဘဏ္ဍာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထူးအကြံပေးအဖြစ် မြန်မာနိုင်ငံသို့ မတ် ၃၀ ရက်မှစတင်၍ ဧပြီ ၁ ရက်ထိ အလည်အပတ်လာရောက်မည်ဖြစ်သည်။

မိဖုရား မက်ဆီမာအား ၁၉၇၁ ခုနှစ် မေလ ၁၇ ရက်နေ့တွင် အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်မြို့တွင် မက်ဆီမာ ဇိုရီဂွီတာအဖြစ် မွေးဖွားခဲ့သည်။ ၎င်းသည် အထက်တန်းပညာစာမေးပွဲကို ၁၉၈၈ ခုနှစ်တွင် နော့သ်လမ်းကျောင်းမှ အောင်မြင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် အာဂျင်တီးနားရှိ ကက်သလစ်တက္ကသိုလ်မှ စီးပွားရေးဘွဲ့ရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် မိဖုရားမက်ဆီမာသည် ဘုရင်ဝီလီယံအလက်ဇန္ဒြားနှင့် လက်ထပ်ခဲ့သည်။ တော်ဝင်ဇနီးမောင်နှံတို့မှ သမီးသုံးဦး မွေးဖွားခဲ့သည်။ မင်းသမီး ကက်သရင်းနားအမေးလီးယား(အိမ်ရှေ့မင်းသမီး)၊ မင်းသမီး အလက်ဇီယာနှင့် မင်းသမီးအရီရာနီးတို့ဖြစ်သည်။

ဘုရင်ဝီလီယံအလက်ဇန္ဒြားနှင့် မိဖုရားမက်ဆီမာတို့သည် ၂၀၀၂ ခုနှစ်တွင် ၎င်းတို့၏ မင်္ဂလာအခမ်းအနား၌ ဒတ်ချ်လူမျိုးတို့မှ လက်ဖွဲ့အဖြစ်ပေးထားငွေမှ ထူထောင်ထားသော အိမ်ရှေ့မင်းသားရန်ပုံငွေအဖွဲ့၏ နာယကများဖြစ်သည်။ မိဖုရားမက်ဆီမာသည် လူနည်းစုအမျိုးသမီးများ ပါဝင်လာရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ် ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်မှစ၍ မိဖုရားမက်ဆီမာသည် နိုင်ငံတော်ကောင်စီအဖွဲ့ဝင်ဖြစ်လာသည်။ ၂၀၀၃ ခုနှစ်မှ စတင်၍ Prince Claus Chain ရန်ပုံငွေအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့သည်။ ၂၀၁၀ ခုနှစ်မှစ၍ မိဖုရားသည် Money Wise Platform ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဖြစ်လာသည်။ မိဖုရား မက်ဆီမာသည် ၂၀၁၁ ခုနှစ်တွင် အသေးစားငွေချေးလုပ်ငန်းကို ဆက်ခံသော စီးပွားရေးလုပ်ငန်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ၏ အဖွဲ့ဝင်ဖြစ်လာသည်။ မိဖုရားမက်ဆီမာသည် ဘဏ္ဍာရေး **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ○

**ယနေ့ မာတိကာ**

ဒီရေတောပြုစုထိန်းသိမ်း အသုံးချရေးလုပ်ငန်းများ၌ ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်လာစေရေး လိုအပ် စာမျက်နှာ-၂

မြန်မာ့တပ်မတော်(ရေ)စစ်ရေယာဉ် မဟာသီဟသူရ မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမားများ ပြန်လည်ခေါ်ဆောင်ရောက်ရှိ စာမျက်နှာ-၇

SMART စမတ် ရိုလာ ခြင်ဇကာ



ခြင်ဇကာကို မလိုအပ်ချိန်တွင် ခေါင်ထဲသို့ လိပ်သိမ်းထားနိုင်သည်။
သံချေးတက်ခြင်း ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာဂလတ်(စ်) ခြင်ဇကာသား
အပိတ်အဖွင့်လုပ်ရုံဖြင့် သန့်ရှင်းပြီးဖြစ်သောကြောင့် အမြဲတမ်း လေဝင်လေထွက် ကောင်းမွန်စေသည်။
အလူမီနီယမ်နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ခြင် မကိုက်အောင် ကာကွယ်မို့
ရန်ကုန် - 01 450 962, 09 431 44178
09 79222 8860
မန္တလေး - 09 2506 38611
ပြတင်း/တံခါး ဆိုဒ် မျိုးစုံ ကို အိမ်အရောက်တပ်ဆင်ပေးသည်။
မှတ်ပုံတင်ပြီး SMART တံဆိပ်တမျိုးတည်းဖြင့်သာ ထုတ်လုပ်ဖြန့်ချိရောင်းချပါသည်။
ဆင်တူယိုးမှား ပုံမှားရိုက်ခြင်းများ သတိပြုပါ။

ကားမှန် မှန်စပေါ် နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့ မှန်ဒေါက်တာ
မှန်စပေါ်ကို ဆေးထိုးရာတွင် ၁ ကြိမ်ထဲ ဆေးအပြည့်ရောက်အောင် **အပိုင်ထိုးမှ** ရလာဒ်ကောင်းပါသည်။ ရလာဒ်မကောင်းသော **ဆေးထိုးပြီးသား** ဒဏ်ရာကို ဆေးဟောင်းများ ပိတ်ဆို့နေသဖြင့် ပြန်ထိုး၍မရပါ။
**အတွေ့အကြုံ၊ ကျွမ်းကျင်မှု နှင့် စက်+ဆေးကောင်းမှ ရလာဒ်ကောင်းပါမည်။**
ရန်ကုန် - 09 4211 51119, 09 4500 54449
မန္တလေး - 09 2506 38611, 09 7987 97917

ကြေးမုံစာတည်းရှုထောင့် ၃၀-၃-၂၀၁၅၊ တနင်္လာနေ့

# ဖွံ့ဖြိုးလာသောမီဒီယာလောက

နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း၏ (၆၅)ကြိမ်မြောက် ကမ္ဘာ့ညီလာခံကို ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ သုံးရက်တိုင်တိုင်ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ နိုင်ငံတကာမီဒီယာအဖွဲ့အစည်းအသီးသီးမှ ရှေ့ဆောင်မီဒီယာများ၊ အမှုဆောင်အယ်ဒီတာနှင့် သတင်းအယ်ဒီတာများ၊ ထုတ်ဝေသူများ၊ သတင်းစာဆရာများ၊ မြန်မာနိုင်ငံရှိ နယ်ပယ်အသီးသီးမှ သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်ကြသူများ စုံစုံလင်လင်တက်ရောက်ခဲ့ကြရာ မီဒီယာလောက ဖွံ့ဖြိုးတိုးတက်မှုများကို မြင်တွေ့ခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် ကမ္ဘာ့မီဒီယာညီလာခံကြီးတွင် ပြည်တွင်းမီဒီယာအချို့၏ ဆန္ဒဖော်ထုတ်ပြခဲ့ခြင်းသည် နိုင်ငံတကာမီဒီယာရှေ့မှောက်တွင် မြန်မာမီဒီယာလောက၏ လွတ်လပ်ပွင့်လင်းလာမှုကို သက်သေပြနိုင်ခဲ့ခြင်းဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မီဒီယာလောက တိုးတက်ပြောင်းလဲနေသောကာလ၌ နိုင်ငံတကာမီဒီယာများနှင့်တွေ့ဆုံကာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့၍ မီဒီယာလောက တိုးတက်မှု ပြုပြင်ပြောင်းလဲဆောင်ရွက်မှုကိစ္စများအတွက် အကြံဉာဏ်ကောင်းများရရှိလိမ့်မည်ဟု ယုံကြည်ပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှု သက်တမ်းနုနယ်သေးသည့်ကာလတွင် မီဒီယာလောက၌ အသက်မွေးဝမ်းကျောင်းပြုနေသည့် ကျွန်ုပ်တို့အနေဖြင့် အတတ်ပညာနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာအားနည်းမှု၊ မူလကတည်းက ရှိထားသည့်အစွဲရှိမှုတို့သည် ယနေ့မီဒီယာလောကတွင် အားနည်းချက်နှင့် စိန်ခေါ်မှုများဖြစ်သည်ဟု ကျွန်ုပ်တို့ ဝန်ခံရမည်ဖြစ်ပါသည်။ ယခုကျင်းပခဲ့သော မီဒီယာညီလာခံမှ ရရှိလာသော အသိအမြင်များဖြင့် ပိုမိုကောင်းမွန်သော မီဒီယာကဏ္ဍသစ်ကို ဖန်တီးဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤနေရာတွင် အမေရိကန်နိုင်ငံ မစ်ဇော်ရီတက္ကသိုလ်ရှိ သတင်းစာသင်တန်းကျောင်းကို စတင်တည်ထောင်ကြီးမှူးခဲ့သော ကွယ်လွန်သူ မစ္စတာ ဝေါလတာဝီလျံ၏အာဘော်ကို ထုတ်နုတ်တင်ပြလိုပါသည်။

"အကောင်းဆုံးသာလျှင် အောင်မြင်ထိုက်သည့်အားလျော်စွာ လူလည်းကြိုက်စေ၊ နတ်လည်းကြိုက်စေ၊ လွတ်လည်းလွတ်လပ်စေ၊ အတ္တနောမတိ အစွဲမာနလည်းကင်းစေ၊ အာဏာဂုဏ်လည်း မတက်စေ၊ အပြုစိတ်လည်းရှိစေ၊ မိမိစိတ်ကိုလည်း ချုပ်တည်းနိုင်မှုရှိစေ၊ စိတ်လည်းရှည်စေ၊ စာဖတ်ပရိသတ်ကိုလည်း ဘယာနှင့်မယှဉ်သော အလေးဂရုကိုပြုစေ၊ မတရားမှုကို ငံ့ခံသောစိတ်လည်း ကင်းစေ၊ အခွင့်အရေးရသူတို့၏ အသနားခံချက်ကြောင့်လည်းကောင်း၊ လူစုလူဝေးနှင့် ဟစ်အော်တောင်းဆိုချက်ကြောင့်လည်းကောင်း ယိမ်းယိုင်လှုပ်ရှားခြင်းမှလည်း ကင်းစေ၊ လူတိုင်းကိုလည်း အခွင့်အလမ်းပေးစေ၊ တရားဥပဒေအရသော်လည်းကောင်း၊ တော်သင့်သော လုပ်ခအရသော်လည်းကောင်း၊ လူကိုလူချင်း ညီရင်းအစ်ကိုကဲ့သို့ ဆက်ဆံပေါင်းသင်းသည့်အချက်ကို အသိအမှတ်ပြု၍ သော်လည်းကောင်း ညီမျှသောအခွင့်အလမ်းပေးနိုင်စေ၊ ကမ္ဘာသူကမ္ဘာသားချင်း ရင်းနှီးမှုကိုမြဲမြံစေ၍ နိုင်ငံအချင်းချင်း ချစ်ကြည်မှုကို စေတနာရင်းနှင့် ဆောင်ကြဉ်းစေလျက် မိမိနိုင်ငံကိုလည်း ချစ်မြတ်နိုးသောစိတ်ရှိစေ၊ ယနေ့တည်နေသော ကမ္ဘာနှင့် ကမ္ဘာလောက တစ်ဝန်းလုံး၏ သတင်းစာလည်းဖြစ်စေ ဤဂုဏ်အင်္ဂါအရပ်ရပ်နှင့် ပြည့်စုံသောသတင်းစာသည် ကောင်းစွာအောင်မြင်ရမည်ဟူသည်ကို ကျွန်ုပ်ယုံကြည်သည်။"

ထင်ရှားသည့် နိုင်ငံတကာသတင်းစာဆရာကြီး၏ သတင်းစာဆရာလက်သုံးဝါဒမှာ ယနေ့ကာလထိတိုင် ဆီလျော်ကိုက်ညီသောဝါဒ ဖြစ်ပါသည်။ လိုရင်းအချက်မှာ ချစ်ကြည်ခြင်း၊ စိတ်ရှည်ခြင်း၊ သည်းခံခြင်းဖြစ်သည်။ ယင်းကို ကျွန်ုပ်တို့ ကျင့်ကြံအားထုတ်သွားကြမည်ဆိုပါက ကောင်းမွန်သော မီဒီယာ၊ အောင်မြင်သော စာနယ်ဇင်းတစ်ရပ် ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

ဤသို့ယုံကြည်သည့်အတိုင်းလည်း ကျွန်ုပ်တို့အနေဖြင့် ကျင့်ဝတ်ပိုင်းဆိုင်ရာအားနည်းချက်နှင့် လွဲမှားခဲ့သော အစွဲများကို ပြန်လည်ပြုပြင်ခြင်း၊ ဝေဖန်ထောက်ပြ အသိပေးမှုများကို လက်ခံခြင်း၊ ဝန်ခံခြင်း၊ တောင်းပန်ခြင်း၊ အမှန်ကိုပြန်လည်တင်ပြခြင်းတို့ဖြင့် ကောင်းမွန်သော မီဒီယာဝန်းကျင်သစ်ကို ဖော်ဆောင်ကြမည်ဟု သန္နိဋ္ဌာန်ပြုပါသည်။ ။

# ဒီရေတောပြုစုထိန်းသိမ်းအသုံးချရေးလုပ်ငန်းများ၌ ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်လာစေရေး လိုအပ်

**နေပြည်တော် မတ် ၂၉**

ဒီရေတောများသည် ကုန်းတွင်းပိုင်းနှင့် အဏ္ဏဝါဂေဟစနစ်များ ဆက်စပ်၍ အပင်၊ တိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ရပ်တည်ပေါက်ပွားရာနေရာဒေသဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကို တံတိုင်းသဖွယ်ကြံ့ကြံ့ခံကာကွယ်ပေးနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ ဒီရေတောများကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးတွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီး၌လည်း ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းဒေသတွင် တွေ့ရှိရသည်။ ဒီရေတောများသည် ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းနိုင်သည့်အပြင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်အခါက ကမ်းရိုးတန်းနေ ဒေသခံပြည်သူများ၏ ဘဝရှင်သန်ရပ်တည်ရေးအတွက် အရေးပါကြောင်း ပြသခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် ဒေသခံပြည်သူများက မိမိတို့ဒေသ၊ မိမိတို့ဝန်းကျင်ရှိ ဒီရေတော ရေရှည်တည်တံ့စေရေး ပြုစုထိန်းသိမ်းခြင်းနှင့် စနစ်တကျအသုံးချခြင်းတို့ကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဒီရေတောများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီရေတောပြုစုထိန်းသိမ်းသုံးစွဲခြင်းလုပ်ငန်းများ၌ ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်လာစေရေးအတွက် မတ် ၂၄ ရက်မှ ၂၆ ရက်ထိ လပွတ္တာမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့အတွင်းရှိ ကမ်းရိုးတန်းကျေးရွာများနှင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းဒေသရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများ၊ ဌာနစိုက်ခင်းများနှင့် ပုဂ္ဂလိကပိုင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒီရေတောပြုစုထိန်းသိမ်းခြင်းနှင့် စနစ်တကျအသုံးချနိုင်ရန် မကြာမီရောက်ရှိတော့မည့် မိုးရာသီကာလ၌ ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်အား ကြိုတင်မြော်တွေး၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းနှင့် အစီအမံများအား ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားရန် ဆွေးနွေးမှာကြားသည်။

လပွတ္တာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦးကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဏ္ဍိုင်ကြီး(၃)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြား၍ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံ၏ ဒီရေတောဧရိယာသည် စတုရန်းကီလိုမီတာ ၅၀၀၀ ကျော်ရှိ၍ ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောအများဆုံးရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဒီရေတောများတည်ရှိခြင်းဖြင့် ဒေသခံပြည်သူလူထုအတွက် ထင်း၊ မီးသွေး၊ တိုင်၊ မျော၊ ဆေးဖက်ဝင်အပင်များနှင့် အခြားသစ်တောထွက်ပစ္စည်းများ ပေးစွမ်းနိုင်ခြင်း၊ ငါး၊ ပုစွန်စသည့် ရေသတ္တဝါများ ပေါက်ဖွားဝခြင်း၊ စိုက်ပျိုးမြေများ ရေငန်ဝင်ရောက်မှုမှ တားဆီးပေးနိုင်ခြင်း၊ ကမ်းပါးပြိုမှုအား ကာကွယ်ပေးနိုင်ခြင်း၊ ဆူနာမီ၊ မုန်တိုင်း အစရှိသည့် သဘာဝဘေးအန္တရာယ်တို့မှ ကြံ့ကြံ့ခံကာကွယ်ပေးနိုင်ခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဝင်ငွေရရှိနိုင်ခြင်းအစရှိသည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများက မိမိတို့နေထိုင်ရာဒေသ ပတ်ဝန်းကျင်ရှိ ဒီရေတောများအား ပူးပေါင်းပါဝင်စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ဒီရေတောများ ရေရှည်တည်တံ့၍ ကမ်းရိုးတန်းဒေသနေပြည်သူများ၏ ဘဝလုံခြုံမှုနှင့် လူမှုစီးပွားရေးဘဝကို တိုးမြှင့်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် လပွတ္တာမြို့နယ် အရာတော်လေးကျေးရွာအနီး ပြင်အလန်းကြိုးဝိုင်းအကွက်အမှတ်(၅၉)အတွင်းရှိ ၁/၂၀၀၄ ဒီရေတောစိုက်ခင်း ဧက ၅၅၀ အား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)




ဦးအောင်ဟိန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော
■နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
●အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ●ရေးနည်း(Pre.,Vol:1,2,3)
ဆရာဖြစ်အင်္ဂလိပ်စာ(Ceritificate/Diploma)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
■392468 095171841

၂၀၁၅ ခုနှစ် (၉)နှစ်မြောက် နှစ်သစ်ကူး မဟာသင်္ကြန် ခရီးစဉ်
ထားဝယ် ရှင်တိုးရှင် နှင့် ထီးဒီး (တနင်္သာရီ/မြ ဘုရား)
၁၁-၄-၂၀၁၅ မှ ၂၀-၄-၂၀၁၅ ထိ
သုခဝိနဲ့စာငွေ ၀၁ ၂၄၃၀၇၉ / ၀၉ ၅၁ ၅၅၆၅၄ / ၀၉ ၃၀၁၁၀၄၁၃၇

ရွှေထီးပိပ်တန်း ချောင်းသာ(နေ့စဉ်)
+ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး ကျိုက်ထီးရိုး(နေ့စဉ်) ငွေဆောင်(သော်ကြာ)
+တောင်ကြီး၊အင်းလေး၊ပင်းတယ၊ထမ့်စမ်းလိုဏ်ဂူ စီးလုံးငှားလက်ခံသည်
+အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်
သင်္ကြန်တွင်း ပိတ်ရက်မရှိပါ ကြိုတင်လက်မှတ်ရောင်းပြီ
01-701015,01-710436,09-5403844,09-5044830

မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
(ဦးခင်မောင်လတ်)-ဒေါ်စန်းလှိုင် တို့၏သားလတ်
**မောင်အောင်ဆန်းနိုင်** (အင်တာနက်ဆိုင်)
နှင့်
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
(ဦးတင်ဝင်း-မန်နေဂျာ-ငြိမ်း-မြန်မာ့ သစ်လုပ်ငန်း)-ဒေါ်တင်တင်မြတို့၏သမီး
**မလဲ့လဲ့ဝင်း** (စာရင်းစစ်မှူး)
ကလောမြို့နယ်စာရင်းစစ်ရုံး
တို့၏၁၆-၁၀-၂၀၁၄ရက် သိမ်တောင်တိုက်သစ်ကျောင်းတိုက်၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးနှင့် ၂၉-၃-၂၀၁၅ရက်၊ Panda hotel (Ruby hall)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်သောလူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။
**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်ဆန်းနိုင်-မလဲ့လဲ့ဝင်း**

# နိုင်ငံတော်သမ္မတဦးသိန်းစိန် စင်ကာပူနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ၏ရျာပနအခမ်းအနား တက်ရောက်ရန် ထွက်ခွာ



**နေပြည်တော် မတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ၏ ရျာပနအခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်၊ အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဒုတိယသမ္မတဦးဉာဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ၏ ရျာပနအခမ်းအနားသို့ နိုင်ငံတကာမှခေါင်းဆောင်များ၊ ခေါင်းဆောင်ဟောင်းများနှင့်အတူ တက်ရောက်စဉ်။**

(စီအင်န်အေ)

**☆ နိုင်ငံတော်မှ**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီ ကစ်ဆင်ဂျာ၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလီယံဟိဂ်တို့အပါအဝင် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ ခေါင်းဆောင်ဟောင်းများ၊ ကမ္ဘာ့အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ စင်ကာပူအစိုးရအဖွဲ့နှင့် ပြည်သူများ တက်ရောက်ကြသည်။

ရျာပနအခမ်းအနားတွင် မစ္စတာလီကွမ်ယူ၏ သားအကြီးဆုံးဖြစ်သူ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ စင်ကာပူနိုင်ငံသမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်၊ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်၊ လီကွမ်ယူ၏ ဒုတိယမြောက်သား လီချန်ရန်တို့အပါအဝင် စင်ကာပူနိုင်ငံသား အထင်ကရပုဂ္ဂိုလ် ၁၀ ဦးက ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူနှင့်ပတ်သက်၍ ချီးကျူးဂုဏ်ပြုစကားများပြောကြားခဲ့ကြသည်။

စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကွမ်ယူသည် မတ် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁၈ မိနစ်တွင် စင်ကာပူနိုင်ငံ အထွေထွေရောဂါကုဆေးရုံ၌ အဆုတ်ရောင်ရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် (၉၁) နှစ်ရှိပြီဖြစ်သည်။ မစ္စတာလီကွမ်ယူကွယ်လွန်မှုသည် စင်ကာပူနိုင်ငံအတွက်သာမက အာဆီယံနှင့်ကမ္ဘာအတွက်အားထားရသည့် ဝါရင့်ခေါင်းဆောင်ကြီးတစ်ဦး ဆုံးရှုံးရခြင်းဖြစ်သည်ဟု နိုင်ငံတကာ၏ အသိအမှတ်ပြုခြင်းခံခဲ့ရပြီး ကမ္ဘာတစ်ဝန်းလုံးက ဝမ်းနည်းကြေကွဲကြောင်း ပြသခဲ့ကြသည်။ စင်ကာပူပြည်သူထောင်ပေါင်းများစွာတို့သည် မစ္စတာလီကွမ်ယူ၏ ရျာပနကို ဂါရဝပြုရန်အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းခဲ့ကြပြီး ၎င်းတို့၏ခေါင်းဆောင်အပေါ် တန်ဖိုးထားလေးစားမှုကို ပြသခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ စင်ကာပူနိုင်ငံမှ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၈ နာရီ ၁၀ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

❐

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စင်ကာပူနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် မတ် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၂၃၆)ရှိ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံရုံး၌ စင်ကာပူနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ ကွယ်လွန်ခြင်းအတွက် ဖွင့်လှစ်ထားရှိသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စင်ကာပူနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ ကွယ်လွန်ခြင်းအတွက် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။**

# စင်ကာပူတွင် လီကွမ်ယူ၏ နောက်ဆုံးဈာပနအခမ်းအနားကျင်းပ၊ ဒေသတွင်းနှင့် နိုင်ငံတကာ ခေါင်းဆောင်များတက်ရောက်



**စင်ကာပူ မတ် ၂၉**

စင်ကာပူနိုင်ငံကိုတည်ထောင်ခဲ့သူ ပထမဆုံးဝန်ကြီးချုပ်ဟောင်း လီကွမ်ယူသည် မတ်၂၃ ရက်က ကွယ်လွန်သွားခဲ့သည့်အတွက် ဝမ်းနည်းပူဆွေးမှုရက်သတ္တအဖြစ် တစ်ပတ်ကြာသတ်မှတ်ပြီး နောက်ဆုံးဈာပနအခမ်းအနားကို မတ် ၂၉ ရက်တွင်ကျင်းပခဲ့ရာ ဒေသတွင်းနှင့် နိုင်ငံတကာ ခေါင်းဆောင်များ၊ စင်ကာပူပြည်သူထောင်ပေါင်းများစွာ တက်ရောက်ခဲ့ကြသည်။

လွှတ်တော်အဆောက်အအုံတွင်ထားရှိသည့် မစ္စတာလီ၏ ရုပ်အလောင်းကို တန်းစီစောင့်ဆိုင်း၍ လာရောက်ဂါရဝပြုသည့်အစီအစဉ်ကို ရုပ်သိမ်းလိုက်သော်လည်း နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားသည့် လီကွမ်ယူအတွက် အမှတ်တရ ဂါရဝပြုသောနေရာ ၁၈ နေရာကို နိုင်ငံတော်ဈာပနပြီးဆုံးချိန်ထိ ဖွင့်လှစ်ခဲ့သည်။

မစ္စတာလီ၏ ရုပ်အလောင်းကို လွှတ်တော်အဆောက်အအုံမှ စင်ကာပူအမျိုးသားတက္ကသိုလ်သို့ သယ်ဆောင်သွားခဲ့ရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် စင်ကာပူပြည်သူများက မိုးရွာနေသည့်ကြားမှ စောင့်ဆိုင်းကြည့်ရှုခဲ့ကြသည်။

နိုင်ငံတော် ဈာပနအခမ်းအနားကို စင်ကာပူအမျိုးသားတက္ကသိုလ် ယဉ်ကျေးမှုဗဟိုဌာန၌ မွန်းလွဲ ၂ နာရီခန့်တွင် ကျင်းပခဲ့သည်။ ဈာပနအခမ်းအနားတွင် လီကွမ်ယူ၏သား လက်ရှိစင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက အမှာစကား ပြောကြားခဲ့သည်။

ဈာပနအခမ်းအနားတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် တက်ရောက်လာသူအားလုံးက မတ်တတ်ရပ်ကာ တစ်မိနစ်ငြိမ်သက်ခဲ့ကြသည်။

**ချန်နယ်နယူးအေးရှ။**

## ပြည်ပရောက် ခြစားသောအရာရှိများကို ဖမ်းဆီးရန် တရုတ်စတင်ဆောင်ရွက်

**ပေကျင်း မတ် ၂၉**

တရုတ်နိုင်ငံမှ ပြည်ပသို့ ထွက်ပြေးသွားကြသော အကျင့်ပျက်ခြစားသည့် အရာရှိများကို တရားခွင်သို့ ပို့ဆောင်နိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အစီအစဉ်တစ်ရပ်ကို တရုတ်အစိုးရက မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။

စကိုင်းနက်ဟု အမည်ပေးထားသည့် ယင်းအစီအစဉ်သည် သမ္မတ ရှီကျင့်ဖျင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအားထုတ်ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းဖြစ်ပြီးနောက် ခြောက်လအကြာတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။

နိုင်ငံခြားသို့ တရားမဝင်ငွေကြေးလွှဲပြောင်းပေးပို့သော လုပ်ငန်းများ၊ နိုင်ငံခြား၌ ဖွင့်ထားသော ကုမ္ပဏီများကို စုံစမ်းစစ်ဆေးခြင်းများနှင့် စကိုင်းနက်က ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။

တရုတ်နိုင်ငံက သံသယရှိသူများကို ရှာဖွေတွေ့ရှိရန်နှင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် နိုင်ငံတကာနှင့် ပူးပေါင်းလုပ်ဆောင်ရေးကို နည်းလမ်းရှာဖွေရာ၌ အရှိန်မြှင့်တင်လျက်ရှိသည်။

စီးပွားရေးနှင့်ဆိုင်သော ရာဇဝတ်မှုကျူးလွန်ကြသည်ဟု သံသယရှိသူ ၆၈၀ ကို ယမန်နှစ် ဒုတိယနှစ်ဝက်အတွင်း တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

စီးပွားရေးနှင့် ပတ်သက်သော မသမာမှုများကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်သူ ၁၅၀ ခန့်သည် တရားစီရင်ခံရခြင်းမှ လွတ်မြောက်ရန် အမေရိကန်ပြည်ထောင်စုတွင် ခိုလှုံနေကြသည်ဟု တရုတ်အာဏာပိုင်များက ယုံကြည်ကြသည်။

စကိုင်းနက်သည် ဥပဒေမှ ရှောင်ပုန်းရန် မည်သည့်နေရာမျှမရှိဟု အဓိပ္ပာယ်ဖွင့်ဆိုကြောင်း တာဝန်ရှိသူများက ပြောသည်။

**ဘီဘီစီ။**

## ပါကစ္စတန်တွင် နှစ်နှစ်ကြာပြန်ပေးဆွဲခံရသည့် ချက်နိုင်ငံသူနှစ်ဦး ပြန်လည်လွတ်မြောက်

**အစ္စလမ္မာဘတ် မတ် ၂၉**

ချက်နိုင်ငံသူ ခရီးသွားနှစ်ဦးသည် ပါကစ္စတန်နိုင်ငံ၌ နှစ်နှစ်ကြာပြန်ပေးဆွဲခံရမှုမှ ပြန်လည်လွတ်မြောက်ကာ ၎င်းတို့၏ ဇာတိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်ဟု ချက်နိုင်ငံဝန်ကြီးချုပ် ဘော့ဆလက်တိုဘော့လာက ပြောကြားကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက်(၂၆)နှစ်အရွယ်ရှိကြသည့် ဟာပါလိုဗာနှင့် အန်တိုနီချာရာတက်စကာအမည်ရှိ ချက်နိုင်ငံသူ ခရီးသွားနှစ်ဦးသည် ၂၀၁၃ ခုနှစ် မတ်လအတွင်းက ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်၌ ဘတ်စ်ကားဖြင့် ခရီးသွားနေစဉ် အတင်းအကျပ်ခေါ်ယူခံခဲ့ရခြင်းဖြစ်သည်။

၎င်းတို့နှစ်ဦးပြန်လည်လွတ်မြောက်ရေးအတွက် တူရကီအစ္စလာမ်လူသားချင်းစာနာရေးအဖွဲ့အစည်းတစ်ခုက ကူညီညှိနှိုင်းပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**



## ပူးတွဲတပ်ဖွဲ့ထူထောင်ရေး အာရပ်အဖွဲ့ချုပ်ဝင် နိုင်ငံများသဘောတူညီ

**ကိုင်ရို မတ် ၂၉**

အာရပ်အဖွဲ့ချုပ်ဝင်နိုင်ငံများမှ တပ်ဖွဲ့များပါဝင်သည့် ပူးတွဲတပ်ဖွဲ့တစ်ရပ်ထူထောင်ရေးအတွက် ၎င်းအဖွဲ့ဝင်အာရပ်နိုင်ငံများ၏ ခေါင်းဆောင်များ အစည်းအဝေးတွင် သဘောတူညီခဲ့ကြကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယီမင်၊ အီရတ်၊ ဆီးရီးယားနှင့် လစ်ဗျားနိုင်ငံများတွင် ဂျီဟတ်ဝါဒီများ၏ ခြိမ်းခြောက်မှုများကြောင့် အကျပ်အတည်းများ ဖြစ်ပေါ်နေစဉ်အတွင်း အာရပ်အဖွဲ့ချုပ်ဝင် နိုင်ငံ့ခေါင်းဆောင်များ၏ အစည်းအဝေးကို အီဂျစ်နိုင်ငံ ရှန်အယ်လ်ရှိတ်မြို့၌ ကျင်းပခြင်းဖြစ်သည်။

သို့သော်လည်း ၎င်းပူးတွဲတပ်ဖွဲ့ထူထောင်ရေးအတွက် ဖွဲ့စည်းမှုနှင့် လုပ်ပိုင်ခွင့်များ ရရေးအတွက် လအတန်ကြာ အချိန်ယူလုပ်ဆောင်ရမည်ဖြစ်ကြောင်း ခွဲခြားစိတ်ဖြာလေ့လာသူများက ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သော ၁၀ နိုင်ငံပါ ညွန့်ပေါင်းတပ်ဖွဲ့ဝင်များက ယီမင်နိုင်ငံမှ ဟူသီ လက်နက်ကိုင်အဖွဲ့အား လေကြောင်းစီးနင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

ဟူသီ လက်နက်ကိုင်များနှင့် တိုက်ခိုက်ရာ၌ စစ်ရေးအရအရေးနိမ့်နေသည့် ယီမင်သမ္မတ အဗ္ဗဒရာကမန်ဆောဟာဒီအား အထောက်အကူပေးသည့် အနေဖြင့် ယင်းသို့ လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်နေခြင်း ဖြစ်သည်။

**ဘီဘီစီ။**

## အကြမ်းဖက်မှုဆန့်ကျင်ရေး တူနစ်မြို့တွင် လူထောင်ပေါင်းများစွာ ဆန္ဒထုတ်ဖော်

**တူနစ် မတ် ၂၉**

တူနစ်မြို့တွင် လူထောင်ပေါင်းများစွာက အကြမ်းဖက်မှုဆန့်ကျင်ရေးအတွက် ဆန္ဒထုတ်ဖော်ပြီး ဘာဒိုပြတိုက်သို့ ချီတက်သွားခဲ့ကြကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဘာဒိုပြတိုက်အကြမ်းဖက်မှုတွင် နိုင်ငံခြားသား ၂၀ ဦးနှင့် တူနီးရှားနိုင်ငံသားတစ်ဦး သေဆုံးခဲ့ရသည်။

တူနီးရှားအာဏာပိုင်များက ဘာဒိုပြတိုက်အကြမ်းဖက်မှုနှင့် ပတ်သက်ပြီး ဖမ်းဆီးထားသော သံသယရှိသူများအနက် တစ်ဦးကို သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် ဆန္ဒထုတ်ဖော်မှုများ စတင်ခဲ့ခြင်းဖြစ်သည်။

'တူနစ်မှာ အကြမ်းဖက်သမားတွေအတွက် နေရာမရှိ'ဟု ဆန္ဒထုတ်ဖော်သူများက သံပြိုင်ဟစ်ကြွေးခဲ့ကြသည်။ ယခုသတ်ဖြတ်လိုက်သော အကြမ်းဖက်ခေါင်းဆောင်သည် တူနီးရှားနိုင်ငံအတွက် အန္တရာယ်ရှိသည့် စစ်သွေးကြွတစ်ဦးဖြစ်ကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူကဆိုသည်။

မတ် ၁၈ ရက်တွင် အကြမ်းဖက်သေနတ်သမားများက ဘာဒိုပြတိုက်ကို အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဗြိတိန်၊ ဂျပန်၊ ပြင်သစ်၊ အီတလီနှင့်ကိုလံဘီယာ နိုင်ငံသားများလည်း သေဆုံးခဲ့ရသည်။

**ဘီဘီစီ**



## ဒုတိယကမ္ဘာစစ် ကျူးကျော်မှုအတွက် ဂျပန်တောင်းပန်သင့်

**တိုကျို မတ် ၂၉**

ဂျပန်နိုင်ငံတွင် နောက်ဆုံးကောက်ယူခဲ့သော လေ့လာမှုစစ်တမ်းတစ်ခုအရ တုံ့ပြန်သူ ၅၄ ဒသမ ၆ ရာခိုင်နှုန်းက ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအနေဖြင့် ဩဂုတ်လတွင် ကျင်းပမည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှုနှစ် ၇၀ ပြည့်အခမ်းအနားတွင် ၎င်း၏ ထုတ်ပြန်ကြေညာချက်၌ စစ်အတွင်းက ဂျပန်နိုင်ငံ၏ ကျူးကျော်တိုက်ခိုက်မှုများအတွက် ပြန်လည်တောင်းပန်သင့်ဟု တုံ့ပြန်ဖြေကြားထားကြောင်း ဒေသခံသတင်းမီဒီယာများက ရေးသားဖော်ပြကြသည်။ **ဆင်ဟွာ။**

# ခရီးသွားကဏ္ဍ၏ အမှတ်တရပုံရိပ်တစ်ခု

မျိုးမြင့်သန်း(မန်းစက်မြေ)

ကောလာဟလမျိုးမှတစ်ပါး အမှန်တကယ် ဖြစ်ရပ်တစ်ခုနှင့်ပတ်သက်၍ ကောင်းသတင်း၊ မကောင်းသတင်းပျံ့နှံ့မှုအပေါ်တွင် မြန်မာစာပေလောက၌ ရေးသားသုံးနှုန်းလေ့ရှိသောစကားပုံတစ်ခုမှာ "ဟုတ်လို့ကျော် ပုပ်လို့ပေါ်" ဟူ၍ မှတ်သားခဲ့မိဖူးပါသည်။ ယခုလည်း အဟုတ်မှန်၍ တကယ်ကျော်ခဲ့သည့် မြန်မာနိုင်ငံခရီးသွားကဏ္ဍ၏ အမှတ်တရ မှတ်တိုင်တစ်ခုနှင့်ပတ်သက်၍ တင်ပြလိုပါသည်။

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးနောက် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကြောင့် နိုင်ငံတကာ အသိုက်အဝန်း၏ နွေးထွေးရင်းနှီးမှုများ တိုးတက်များပြားလာခဲ့သည်။ မြန်မာနိုင်ငံ၏ ကြွယ်ဝသောယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ပေါင်းစပ်မှုရလဒ်အဖြစ် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် ၂ ဒသမ ၀၄ သန်းရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၉၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် မျှော်မှန်းဆောင်ရွက်ခဲ့သော ခရီးသည် သုံးသန်းကို ကျော်လွန်ခဲ့ပြီး ၃ ဒသမ ၀၈၁ သန်းရောက်ရှိကာ ယခင်နှစ်ထက် ၅၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် ASEAN SEA Games ပြိုင်ပွဲကြီး၊ ၂၀၁၄ ခုနှစ် ASEAN အလှည့်ကျဥက္ကဋ္ဌတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သကဲ့သို့ G 20 ထိပ်သီးအစည်းအဝေးကြီးသို့ပင် တက်ရောက်ရန်ဖိတ်ကြားခံခဲ့ရသော ကမ္ဘာ့နိုင်ငံကြီးများဖြစ်သည့် အမေရိကန်၊ ရုရှား၊ တရုတ်၊ အိန္ဒိယအပါအဝင် နိုင်ငံကြီးများနှင့်လည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါသည်။

သိသာထင်ရှားသောပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းမြင်သာမှုများ၏ အကျိုးရလဒ်တစ်ခုအဖြစ် မြန်မာနိုင်ငံ ခရီးသွားကဏ္ဍအတွင်း ပေါ်ထွန်းလာခဲ့ပြန်ပါပြီ။ ၎င်းမှာ Lonely Planet Traveller မဂ္ဂဇင်းမှ "Lonely Planet Traveller Destination Awards 2014"တတိယအကြိမ်မြောက် ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံအား အကောင်းဆုံး AEC နိုင်ငံခရီးသွားဆု (Best in Travel-AEC Country) ချီးမြှင့်ခြင်းခံရသည်။

အဆိုပါဆုသည် ခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် ကမ္ဘာလှည့်ခရီးသွားများအား အကောင်းဆုံးနိုင်ငံများသို့ လည်ပတ်နိုင်ရေး အားပေးတိုက်တွန်းရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အွန်လိုင်းမှ စာဖတ်သူများ၏ ၂၀၁၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း လေ့လာဆန်းစစ်ချက်များအပေါ် အခြေခံ၍ ဆုရွေးချယ်ပေးအပ်ခြင်းဖြစ်ပါသည်။

Lonely Planet Traveller မဂ္ဂဇင်းကြီး၏ သမိုင်းကြောင်းနှင့် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များအပေါ်တွင် ထိုမဂ္ဂဇင်းကြီး၏ ဩဇာတိက္ကမကြီးမားလွှမ်းမိုးမှုကို အနည်းငယ်တင်ပြလိုပါသည်။ Lonely Planet သည် ပုဂ္ဂလိကပိုင် Media လုပ်ငန်းတစ်ခုဖြစ်ပြီး ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် အခြေစိုက်သော ကမ္ဘာ့အကြီးဆုံး ခရီးသွားလမ်းညွှန်စာအုပ်များ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ၁၉၇၂ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားလာခြင်းကို ဝါသနာကြီးလှသော Tony Wheeler နှင့် Maureen Wheeler ဇနီးမောင်နှံမှ ၎င်းတို့၏မင်္ဂလာဦးပျားရည်ဆမ်းခရီးမှ စတင်အခြေပြုတည်ထောင်ခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ပထမဆုံးစာအုပ်ကို Across Asia on the Cheap အမည်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ပြီး တစ်စတစ်စ အောင်မြင်မှုရရှိလာခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် Wheeler ဇနီးမောင်နှံနှင့် ရှယ်ယာရှင် John Sin gleton တို့မှ BBC Worldwide သို့ ကုမ္ပဏီ၏ရှယ်ယာ ၇၅ ရာခိုင်နှုန်းကို ရောင်းချခဲ့ပါသည်။

ထို့အပြင် Lonely Planet's Online Community. "Thorn Tree" ကို ၁၉၉၆ ခုနှစ်တွင် စတင်ဖန်တီးခဲ့ပြီး ကမ္ဘာလှည့်ခရီးသည် သန်းပေါင်းများစွာထံမှ ခရီးသွားအတွေ့အကြုံများဖလှယ်ခြင်းနှင့် အကြံဉာဏ်များရယူခြင်းအတွက် အသုံးပြုခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် BBC မှ Lonely Planet ၏ ပိုင်ဆိုင်မှုအချို့ကို အမေရိကန် ဘီလျံနာ Brad Kellely ၏ NC2 Media သို့ရောင်းချခဲ့ပါသည်။ လက်ရှိတွင် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ တရုတ်၊ အိန္ဒိယနိုင်ငံများတွင် ရုံးခွဲများဖွင့်လှစ်ကာ ဝန်ထမ်းပေါင်း ၄၀၀ကျော်၊ စာရေးဆရာပေါင်း ၂၀၀ ကျော်တို့ဖြင့် လုပ်ငန်းလည်ပတ်ကာ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးသို့ Travel Guide Book စာအုပ် ၁၂၀ သန်းအထိ စံချိန်တင်ရောင်းချနိုင်အောင် ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါမှုကြီးမားသော Media တစ်ခုဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံမှ ကောင်းသတင်းများ အဟုတ်မှန်၍ တကယ်ကျော်ခဲ့သည့် ခရီးသွားကဏ္ဍ၏ အမှတ်တရ ပုံရိပ်တစ်ခုအဖြစ် မျိုးချစ်စိတ်အပြည့်နှင့် ပြည်သူများက လက်ခံယုံကြည်ကြမည် ဖြစ်။**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည် အားလုံးနီးပါးလောက် Lonely Planet Guide Book စာအုပ်များကိုင်ဆောင်၍ ဝင်ရောက်လာသည်ကို မြင်တွေ့ဖူးပါသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက် ကာလမတိုင်မီအထိ ခရီးသွားလုပ်ငန်းအပေါ်တွင် အားပေးမှုနည်းပါးခြင်း၊ ချို့ယွင်းအားနည်းချက်များပြားမှုတို့အပေါ် အခြေခံ၍ ယင်းမဂ္ဂဇင်း၏တင်ပြချက်များမှာ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူမပြုသည်သာမက အဟန့်အတားပင်ဖြစ်စေခဲ့ပါသည်။ ၂၀၁၁ ခုနှစ် နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း ပွင့်လင်းမြင်သာသော ပြောင်းလဲမှုအရပ်ရပ်အပေါ်အခြေခံ၍ ကောင်းမွန်သော ရေးသားမှုများ သာမက ယခုကဲ့သို့ ဂုဏ်ပြုမှတ်တမ်းတင်သည်အထိ အောင်မြင်မှုရရှိသည်မှာလည်း နိုင်ငံချစ်သောပြည်သူအားလုံး၏ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့်ပင် ဖြစ်ပါသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေရသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် လမ်းညွှန်ချက်တာဝန်(၄)ရပ် ချမှတ်ကာ ဆောင်ရွက်ခဲ့ပါသည်-

(က) ခရီးသည်များ ဝင်/ထွက်မှုစနစ်တကျ လွယ်ကူအဆင်ပြေစေရေး
(ခ) ခရီးသည်များသွားလာရာတွင် အလွယ်တကူအဆင်ပြေစေရေးအတွက် ခရီးသွားဆိုင်ရာယာဉ်များ စနစ်တကျဖြစ်စေရေး
(ဂ) ဟိုတယ်နှင့်စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားစေရေး
(ဃ) ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးဟူ၍ ဖြစ်ပါသည်။

လမ်းညွှန်ချက်တာဝန်(၄)ရပ် အောင်မြင်စေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့များနှင့် လည်းကောင်း ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းပင်မစီမံကိန်း၏ မဟာဗျူဟာ(၆)ရပ်အောက်တွင် လမ်းညွှန်ချက်တာဝန်များ ကျေပွန်နိုင်စေရေးအတွက် စီမံကိန်း ၃၈ ခု ထည့်သွင်းရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အဓိကပံ့ပိုးကူညီမှုဖြင့် Visa On Arrival ကို နိုင်ငံပေါင်း ၅၁ နိုင်ငံသို့ ထုတ်ပေးနိုင်ရေးနှင့် e-Visa စနစ်ကို ၁-၉-၂၀၁၄ မှစ၍ နိုင်ငံပေါင်း ၆၇ နိုင်ငံအတွက် ထုတ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ခဲ့သဖြင့် ခရီးသွားဧည့်သည်များ ဝင်/ထွက်မှု စနစ်တကျဖြင့် လွယ်ကူအဆင်ပြေစွာ တိုးတက်ဝင်ရောက်မှုရှိခဲ့ပါသည်။

ဆက်စပ်ဝန်ကြီးဌာနများမှလည်း ၎င်းတို့၏ ပင်မလုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်ရင်း ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုခဲ့ကြပါသည်။ ယခုအခါ ပြည်တွင်းလေကြောင်းလိုင်း ရှစ်ခုအပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြည်ပလေကြောင်းလိုင်း ၂၅ ခု၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းလိုင်း ခုနစ်ခု၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းလိုင်းနှစ်ခု ပျံသန်းပြေးဆွဲနေပြီးဖြစ်ပါသည်။ မြန်မာ့လေကြောင်းမှ စင်းလုံးငှားလေယာဉ်ငယ်များဖြင့် ဝန်ဆောင်မှုပေးနေပြီး ဧည့်သည်များ လေ့လာလိုသည့် နေရာဒေသများတွင် ဝေဟင်မှမီးပုံးပျံစီးပြီး ကြည့်ရှုခံစားနိုင်ရန် မီးပုံးပျံဖြင့် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါသည်။ ရေကြောင်းဖြင့် ခရီးသွားလာရင်း အပန်းဖြေလေ့လာလိုသူများအတွက် အိပ်ခန်းပါသင်္ဘောကြီးများနှင့် ကမ်းခြေဒေသများတွင် ရွက်တပ်စက်လှေများလည်း အရန်သင့်ရှိပါသည်။ မြန်မာ့မီးရထားမှလည်း နိုင်ငံခြားသားခရီးသည်များအတွက် အထူးသီးသန့်တွဲများချိတ်ဆွဲ၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ပြည်တွင်းမော်တော်ယာဉ်လိုင်းအသီးသီးတွင် အဆင့်မြင့်ခေတ်မီမော်တော်ယာဉ်ကြီးများဖြင့် ဆောင်ရွက်နေကြသကဲ့သို့ စီးလုံးငှား Taxi ကုမ္ပဏီများလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါသည်။

ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးများ အဆင့်အတန်းမြင့်မားရေးအတွက် ဟိုတယ်လုပ်ငန်းလိုင်စင်များ ထုတ်ပေးရာတွင် မိမိတို့ဝန်ကြီးဌာနမှ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအမိန့်များနှင့်အညီ စနစ်တကျ စေ့စပ်သေချာစွာ စိစစ်ပြီးမှ ထုတ်ပေးသကဲ့သို့ စားသောက်ဆိုင်ကြီးများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ စနစ်တကျစိစစ်ပြီးမှသာ ထုတ်ပေးခဲ့ပါသည်။ ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးများတွင် ပြင်ဆင်မွမ်းမံမှု (Decoration) သာမက ဝန်ဆောင်မှု (Service) မှာလည်း အဓိကကျသဖြင့် ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများတွင် ဟိုတယ်ဝန်ထမ်းများသာမက စားသောက်ဆိုင်ကြီးများမှ ဝန်ထမ်းများကိုပါ လေ့ကျင့်သင်ကြားပေးမှုပြုခဲ့ပါသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ တိုင်းဒေသကြီးအသီးသီးနှင့် ပြည်နယ်များတွင် ဝန်ဆောင်မှုဆိုင်ရာ သင်တန်း ၂၁ ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၃၃၃၇ ဦး တက်ရောက်ခဲ့ပါသည်။ ထို့အတူ ခရီးသွားဧည့်သည်များအတွက် အဓိကလိုက်ပါရမည့် အရည်အသွေးမီ ဧည့်လမ်းညွှန်များပေါ်ထွန်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်စေရေးအတွက် ဧည့်လမ်းညွှန်အခြေခံသင်တန်း ခုနစ်ကြိမ်၊ သင်တန်းသား ၇၆၄ ဦး၊ ဧည့်လမ်းညွှန်များ အထူးမွမ်းမံသင်တန်း လေးကြိမ်၊ သင်တန်းသား ၃၈၃ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံသင်တန်း အကြိမ် (၂၀)၊ သင်တန်းသား ၁၀၇၀ တို့အား မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ရန်ကုန်နှင့် မန္တလေးမြို့ရှိ ပုဂ္ဂလိကသင်တန်းကျောင်းများမှလည်း ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးအပါအဝင် အခြားလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ စာတမ်းဖတ်ပွဲများ ကျင်းပဆောင်ရွက်ခဲ့သကဲ့သို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍကို တာဝန်ယူဆောင်ရွက်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများအား နေပြည်တော်ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ပုဂ္ဂလိကကဏ္ဍများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုအင်အားကလည်း တစ်တပ်တစ်အားပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (Myanmar Tourism Federation)အောက်တွင် အသင်းအဖွဲ့ ၁၁ ခု ဖွဲ့စည်းထားရှိပါသည်။ အဆိုပါ အသင်းအဖွဲ့များအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်များအား ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါသည်။ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီမှလည်း အသင်းအဖွဲ့အားလုံးနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ ဤသို့ တက်ညီလက်ညီ ဆောင်ရွက်မှုကြောင့်လည်း ယခုကဲ့သို့ အောင်မြင်မှုအသီးအပွင့်များ ရရှိလာခြင်းဖြစ်ပါသည်။ ဆက်လက်၍လည်း ပိုမိုတိုးတက်စေရန် ပိုမိုပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်၍ တင်ပြလိုပါသည်။ မိမိတို့နိုင်ငံ၏ ခရီးသည်ဝင်ရောက်မှုမှာ အိမ်နီးချင်းနိုင်ငံအချို့နှင့်နှိုင်းယှဉ်လျှင် နည်းပါးနေသေးသည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် နိုင်ငံတော်အစိုးရသစ်လက်ထက် မတိုင်မီကာလက သန်းဂဏန်းဟု မဖော်ပြနိုင်ခဲ့ပါ။ ၂၀၁၁ ခုနှစ်တွင် သန်းဂဏန်းနီးပါးရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း၊ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈၁ သန်း အသီးသီးတိုးတက်လာပြီဖြစ်ပါသည်။ တစ်ခုသတိပြုရန် လိုအပ်သည်မှာ မိမိတို့နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ရသုံးဝင်ငွေအခြေအနေပေါ်မူတည်၍ အခြေခံအဆောက်အအုံဆိုင်ရာများ ဆောင်ရွက်ရခြင်းနှင့် မိမိတို့နိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိခိုက်နစ်နာမှုအနည်းဆုံးနှင့် အကျိုးအမြတ်အများဆုံးရရှိနိုင်စွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အဓိကအခြေခံထား ဆောင်ရွက်နေမှုဖြစ်ပါသည်။ သို့ဖြစ်၍လည်း တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ (Responsible Tourism Policy)၊ ဆောင်ရန်/ရှောင်ရန် (Dos & Don'ts)များကို ဝန်ကြီးဌာနမှ အလေးထားဖြန့်ဝေဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲအောင် စည်းနှင့် ကမ်းနှင့် တိုးတက်မှုများကို ရှေးရှု၍ စည်းမဲ့ကမ်းမဲ့တိုးတက်မှုမျိုး မဖြစ်ပေါ်စေရေး ဂရုပြုဆောင်ရွက်နေခြင်းကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

ဟိုတယ်အခန်းခများ ဈေးနှုန်းကြီးမြင့်သည်ဟုဆိုကြရာတွင် ၂၀၁၂ ခုနှစ်၌ ခရီးသည်ဝင်ရောက်မှု ရုတ်တရက်တိုးမြင့်မှုကြောင့် အိပ်ခန်းလိုအပ်ချက်အချို့ရှိရာ အချို့သောလုပ်ငန်းရှင်များ၏ ဈေးကစားမှုကြောင့် ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပြီး ဝန်ကြီးဌာနမှ အချိန်မီဝင်ရောက်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ တစ်နိုင်ငံလုံးတွင် နိုင်ငံခြားသားတည်းခိုခွင့်လုပ်ငန်းလိုင်စင်ရ ဟိုတယ်၊ မိုတယ်၊ အင်းစုစုပေါင်း ၁၁၀၆ လုံး၊ အခန်းပေါင်း ၄၃၂၄၃ ခန့် ရှိပြီဖြစ်ပါသည်။ လုပ်ငန်းရှင်များမှ မိမိတို့ဟိုတယ်အဆင့်အတန်းအလိုက် ဈေးနှုန်းသတ်မှတ်ရောင်းချသကဲ့သို့ ဧည့်သည်များမှလည်း စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရရှိပြီးဖြစ်ပါသည်။ အခြားအိမ်နီးချင်းနိုင်ငံများကဲ့သို့ အနိမ့်ဆုံးနှင့် အမြင့်ဆုံးဈေးနှုန်းမကန့်သတ်နိုင်စေကာမူ တည်ငြိမ်သောဈေးနှုန်းနှင့် ဈေးကွက်စီးပွားရေးစနစ်ပုံစံရရှိနေပြီကို ခရီးသွားလုပ်ငန်းကဏ္ဍအား ထဲထဲဝင်ဝင်လေ့လာသူတိုင်း သိရှိကြပါသည်။

အချုပ်အားဖြင့် ဆိုရပါလျှင် တစ်ချိန်သောအခါက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ အားနည်းချို့ယွင်းချက်များကိုထောက်၍ ရေးသားလေ့ရှိသော ခရီးသွားကဏ္ဍတွင် ဩဇာတိက္ကမကြီးမားစွာဖြင့် စာဖတ်ပရိသတ်များပြားသည့် ကမ္ဘာကျော်ပုဂ္ဂလိကပိုင် Media အုပ်စုကြီးဖြစ်သည့် Lonely Planet မှ ထုတ်ဝေသည့် Lonely Planet Traveller မဂ္ဂဇင်းကြီးမှ မြန်မာနိုင်ငံကို အကောင်းဆုံး AEC နိုင်ငံခရီးသွားဆု (Best in Travel-AEC Country) ကို ချီးမြှင့်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက် ညနေပိုင်းတွင် နေပြည်တော် MICC II ၌ ကျင်းပသည့် Asean Tourism Forum (ATF-2015) ဖွင့်ပွဲအခမ်းအနားကြီးတွင် ထိုမဂ္ဂဇင်းကြီး၏ အမှုဆောင် အယ်ဒီတာချုပ်မှ တက်ရောက်အပ်နှင်းသည်မှာ အထက်တွင်တင်ပြခဲ့သည်နှင့်အညီ မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံမှ ကောင်းသတင်းများ အဟုတ်မှန်၍ တကယ်ကျော်ခဲ့သည့် ခရီးသွားကဏ္ဍ၏ အမှတ်တရပုံရိပ်တစ်ခုအဖြစ် မျိုးချစ်စိတ်အပြည့်နှင့် ပြည်သူများက လက်ခံယုံကြည်ကြမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ပြည်တွင်းရေးရာ

# မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် Langkawi International Maritime and Aerospace ပြပွဲမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မတ် ၂၉**

မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် မဟာသီဟသူရသည် မလေးရှားနိုင်ငံရေတပ်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ မတ်၁၇ ရက်မှ ၂၁ ရက်ထိ ကျင်းပသည့် Langkawi International Maritime and Aerospace Exhibition 2015(LIMA-2015) ပြပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက် ၉ နာရီခွဲတွင် အမှတ်(၃)ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်မြင့်ဦးနှင့် တပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည်မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ် မဟာသီဟသူရသည် အပြန်ခရီးစဉ်တွင် မလေးရှားနိုင်ငံ၌ တရားမဝင်ရောက်ရှိနေသော မြန်မာအလုပ်သမား ၁၀၂ ဦးကိုမြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာ့တပ်မတော်(ရေ)စစ်ရေယာဉ် မဟာသီဟသူရ မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမားများ ပြန်လည်ခေါ်ဆောင်ရောက်ရှိ

မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် မဟာသီဟသူရသည် မလေးရှားနိုင်ငံရေတပ်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ကျင်းပသည့် Langkawi International Maritime and Aerospace Exhibition 2015(LIMA-2015) ပြပွဲသို့ တက်ရောက်ခဲ့ပြီး အပြန်ခရီးစဉ်တွင် မလေးရှားနိုင်ငံ၌ တရားမဝင်ရောက်ရှိနေသော မြန်မာအလုပ်သမား ၁၀၂ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာခဲ့သည်။

မြန်မာအလုပ်သမားများ မလေးရှားနိုင်ငံတွင် တရားမဝင်ရောက်ရှိပြီး တွေ့ကြုံခဲ့ရသည့် အခက်အခဲများနှင့် မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ခဲ့မှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာအလုပ်သမားများကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**ဦးညွန့်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်)**

မလေးရှားနိုင်ငံမှာ တရားမဝင် အလုပ်သွားလုပ်တဲ့ အလုပ်သမားတွေ နောင်တစ်ချိန်မှာ တရားဝင်သွားနိုင်ဖို့ နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ အဖွဲ့တွေ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ ဖွဲ့ထားပြီးပြီ။ သူတို့ကို အသိပညာပေးချင်တယ်။ နောင်တစ်ချိန်မှာ တရားဝင်သွားလို့ရအောင်လုပ်ပေးမယ်။ တရားဝင်သွားလို့ရအောင် မှတ်ပုံတင်နဲ့သန်းခေါင်စာရင်းမရှိဘူးဆိုရင် မိုးပွင့်အထူးစီမံချက်နဲ့လုပ်ပေးနေပါတယ်။ မိမိသက်ဆိုင်ရာ မြို့နယ်တွေမှာ တိုင်းဦးစီးမှူးတွေကို အကြောင်းကြားပြီး လက်ဝယ်အရောက်လုပ်ပေးသွားမှာပါ။ တခြားနိုင်ငံကို တရားမဝင်မသွားပါနဲ့။ လဝကအက်ဥပဒေအရ တရားစွဲခံရမယ်။ အခု တရားစွဲခြင်း မရှိသေးပါဘူး။ နောင်တစ်ချိန် တရားဝင်သွားလို့ရအောင် နိုင်ငံကူးလက်မှတ်တွေရအောင် ဆောင်ရွက်ပေးသွားဖို့ အသိပေးခြင်းဖြစ်ပါတယ်။ အားလုံးကို တရားဝင် သွားစေချင်ပါတယ်။

**ဦးမျိုးအောင် (ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)**

အဓိကက သူများနိုင်ငံမှာ သွားအလုပ်လုပ်ကြတဲ့အခါ တရားဝင်သွားရောက် အလုပ်လုပ်ကြပါ။ တရားဝင်သွားရောက်တဲ့သူတွေတောင် သူများနိုင်ငံရဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ နားမလည်သဘောမပေါက်ထားရင်တော့ တရားမဝင် ဖြစ်သွားပြန်ရော။ ဥပမာအလုပ်လုပ်ခွင့်၊ နေထိုင်ခွင့်စတဲ့ အရာတွေ မကိုက်ညီရင်လည်း တရားမဝင် ဖြစ်တတ်ပါတယ်။ မလေးရှားနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးရဲ့ ဦးဆောင်မှုနဲ့ ဒီလုပ်ငန်းစဉ် ဖြစ်လာတယ်။ မလေးရှားမှာ ထိန်းသိမ်းခံထားရတဲ့သူတွေချည်း အခုပြန်လာတာ။ နာမကျန်းတာ နှစ်ယောက်ပါတယ်လို့ သိရတယ်။ နိုင်ငံတော်အနေနဲ့ ကိုယ့်လူမျိုးတွေအပေါ် ပစ်မထားဘူးဆိုတာ သိစေချင်တယ်။ ဒါ့ကြောင့် တရားဝင်လည်းဖြစ်၊ သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေ၊ နည်းဥပဒေတွေကို နားလည်ထားရမယ်။ အခြားနိုင်ငံကို မသွားခင် သိသင့်သိထိုက်တာတွေကို မေးပြီးလေ့လာ သိအောင်လုပ်ပြီးမှ သွားပါလို့ အကြံပြုချင်ပါတယ်။

**ကိုကျော်စွာလင်း (မြန်မာအလုပ်သမား-ပဲခူးတိုင်းဒေသကြီး ဝေါမြို့)**

၂၀၀၉ ခုနှစ်မှာ မလေးရှားနိုင်ငံကို ရောက်ခဲ့တာပါ။ စားသောက်ဆိုင်မှာ လုပ်ပါတယ်။ နိုင်ငံကူးလက်မှတ်မရှိလို့ အဖမ်းခံရတာပါ။ ထောင်နှစ်လနဲ့ကြိမ်ဒဏ်တစ်ချက်ကျပါတယ်။ ထိန်းသိမ်းရေးစခန်းမှာရှစ်လခွဲကြာတယ်။ ထိန်းသိမ်းရေးစခန်းက ထောင်လိုပါပဲ။ မြန်မာနိုင်ငံနဲ့လည်း အဆက်အသွယ်မရှိ၊ ပြန်ဖို့လည်း ပိုက်ဆံမရှိ။ အခု နိုင်ငံတော်အစိုးရ အစီအစဉ်နဲ့ ပြန်လာရတာပါ။ မြန်မာနိုင်ငံကို ပြန်ချင်တဲ့သူတွေ အများကြီးရှိပါတယ်။ အခု တပ်မတော်သင်္ဘောပေါ်မှာ အစစအရာရာ ဂရုစိုက်ပါတယ်။ ကျန်းမာရေးကအစ အစစအရာရာ စောင့်ရှောက်ပေးတယ်။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုစောင့်ရှောက်မှုမျိုး တစ်ခါမှ မခံခဲ့ရဘူး။ အခုသင်္ဘောနဲ့ ချိတ်ဆက်မိတာက နိုင်ငံတော်သမ္မတကြီး မလေးရှားနိုင်ငံကို ရောက်တုန်းက ညှိနှိုင်းဆောင်ရွက်ခဲ့တာလို့ သိရပါတယ်။ ကိုယ့်နိုင်ငံသားတွေကို ပစ်မထားတဲ့အကြောင်း ဒီမှာ ဒုက္ခရောက်နေတဲ့သူတွေကို သင်္ဘောကအရာရှိတွေ တတ်နိုင်သလောက် ခေါ်ဆောင်သွားဖို့ ပြောတယ်လို့ သံအမတ်ကြီးက အသိပေးပါတယ်။

**ကိုတင်ဆွေအေး (မြန်မာအလုပ်သမား-မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်)**

မလေးရှားမှာ အလုပ်လုပ်ခဲ့တာရှစ်နှစ်ရှိပြီ။ နောက်ပိုင်း အဆင်မပြေတော့ဘူး။ နိုင်ငံကူးလက်မှတ်မရှိတဲ့အတွက် အဖမ်းခံရတယ်။ ထောင်နဲ့ထိန်းသိမ်းရေးစခန်းတွေမှာ ၁၁ လကျော် ကြာတယ်။ အစာရေစာမဝဘူး။ အခုလိုလာခေါ်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ ဒီတပ်မတော်သင်္ဘောပေါ်က အရာရှိ၊ စစ်သည်တွေအားလုံး လမ်းတစ်လျှောက်လုံး ကျန်းမာရေးကအစ အစစအရာရာ လိုလေသေးမရှိ ခေါ်လာပေးတဲ့အတွက် ကျေးဇူးတင်မဆုံး၊ ဝမ်းသာမဆုံး ဖြစ်မိပါတယ်။ နောက်သွားမယ့်သူတွေ တရားဝင်သွားကြပါ။ တရားမဝင်သွားရင် တော့ ကျွန်တော်တို့လို ဒုက္ခတွေ ရောက်ကြမှာပါ။

**ဗိုလ်မှူးကြီး ဇွဲဝင်းမြင့်[အမှတ်(၁)ဗျူဟာ စစ်ရေယာဉ်စု၊ ရေယာဉ်စုမှူး]**

မလေးရှားနိုင်ငံ လန်ကာဝီကျွန်းမှာ ကျင်းပတဲ့ပြပွဲကို တက်ရောက်တဲ့သူအနေနဲ့ ပါပါတယ်။ မလေးရှားနိုင်ငံ ရေတပ်စခန်းဌာနချုပ်ကို ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ပါတယ်။ အပြန်မှာ မြန်မာနိုင်ငံပြန်ဖို့ အခက်အခဲရှိနေတဲ့ မြန်မာအလုပ်သမား ၁၀၀ ကျော်ခေါ်လာဖို့ သက်ဆိုင်ရာအကြီးအကဲတွေက ညွှန်ကြားတဲ့အတွက် ကျွန်တော်ဦးဆောင်ပြီး ဒီခရီးစဉ် ဖြစ်သွားတာပါ။

မြန်မာအလုပ်သမားတွေနဲ့ ပတ်သက်ပြီး မလေးရှား လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေး စခန်းတွေရှိပါတယ်။ ဒီထိန်းသိမ်းရေးစခန်းမှာရှိနေတဲ့ မြန်မာအလုပ်သမားတွေကို မလေးရှားနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးက စိစစ်ပြီးတော့ မလေးရှား လူဝင်မှုကြီးကြပ်ရေးက ခေါ်ဆောင်လာပေးတယ်။ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်ဆီက တစ်ဆင့် လွှဲပြောင်းယူပြီး ကျွန်တော်တို့ သင်္ဘောနဲ့ခေါ်ဆောင်ပေးတာဖြစ်ပါတယ်။ ဒါတပ်မတော် (ရေ)အနေနဲ့ ပထမဆုံးအကြိမ် ပြည်ပက အလုပ်သမားတွေကို ခေါ်ဆောင်ပေးတာပါ။ တပ်မတော်(ရေ) ရဲ့ အခန်းကဏ္ဍ (၄)ခုရှိပါတယ်။ ကာကွယ်ရေးကဏ္ဍ၊ ရဲဘက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍ၊ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီပေးရေးကဏ္ဍ ဖြစ်ပါတယ်။ အခု သွားတာက သံတမန်ရေးရာကဏ္ဍအရ လုပ်ဆောင်တာဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီပေးရေးကဏ္ဍအရ ဘေးဒုက္ခရောက်နေတဲ့အချိန် ဒုက္ခရောက်သူတွေ၊ အခက်အခဲရှိနေတဲ့သူတွေ တွေ့မှပဲလုပ်ဆောင်ရတဲ့ ကဏ္ဍဖြစ်ပါတယ်။ အကူအညီပေးရတဲ့အခါ ဒုက္ခရောက်တဲ့သူရှိမှ လုပ်ဆောင်ပေးရပါတယ်။ ဒီလို လုပ်ဆောင်ပေးရတဲ့အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါတယ်။

အခု မြန်မာနိုင်ငံမှာ နိုင်ငံခြားကိုတရားဝင်သွားရောက်လုပ်ကိုင်ဖို့ အခွင့်အလမ်းတွေ ရနေပါပြီ။ တရားမဝင်သွားတဲ့အခါ အလုပ်သမားရမယ့် ရပိုင်ခွင့်တွေ၊ သံရုံးက အကာအကွယ်ပေးပိုင်ခွင့်တွေ အလိုအလျောက် ဆုံးရှုံးသွားမှာဖြစ်ပါတယ်။ တရားဝင်သွားရောက်မှသာ အဲဒီနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးက အပြည့်အဝကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အခုလို အချိန်မျိုးမှာ တရားမဝင်သွားရောက်ခြင်းကို ဖြစ်နိုင်ရင် ရှောင်ရှားစေလိုပါတယ်။ မြန်မာအလုပ်သမားဆိုတာ နိုင်ငံတကာမှာ အလုပ်လုပ်တာနဲ့ ပတ်သက်ရင် ဂုဏ်ရှိပြီးသားပါ။ အလုပ်ရှင်တွေရဲ့ မတရားဖိနှိပ်မှုတွေ၊ အခြားနိုင်ငံက အာဏာပိုင်တွေရဲ့ တရားဥပဒေကြောင်းအရ အရေးယူမှုတွေကို ရှောင်ရှားနိုင်ဖို့ဆိုတာ တရားဝင်သွားတာက အကောင်းဆုံးဖြစ်ပါတယ်လို့ အကြံပြုချင်ပါတယ်။

**ကိုမျိုးမင်းစိုး (မြန်မာအလုပ်သမား-စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်)**

သွားတုန်းက ဟိုကစက်ရုံမှာ ဆေးစစ်တော့ ဆေးကျတယ်။ မြန်မာပြည်ပြန်ပို့မယ်လုပ်တော့ ထွက်ပြေးတယ်။ စွန့်ပစ်အပိုပစ္စည်းထုတ်လုပ်တဲ့ စက်ရုံမှာ အလုပ်လုပ်တယ်။ ကျောထဲက အရိုးထွက်လာပြီး ခြေထောက်တွေ လှုပ်ရှားရတာ မကောင်းတော့ဘူး။ ဒါပေမယ့် ခြောက်လ ခုနစ်လလောက်အထိ ရအောင် အလုပ်လုပ်ခဲ့သေးတယ်။ ၂၀၁၅ ဖေဖော်ဝါရီ ၁၃ ရက်မှာ ခြေထောက်တွေလှုပ်မရတော့ဘူး။ ဆေးရုံတက်ရတယ်။ မြန်မာသံရုံးက အကူအညီနဲ့ ခုလိုပြန်ရတယ်။ ပြန်ရတဲ့ အတွက် ဝမ်းသာပါတယ်။ လမ်းတစ်လျှောက်လုံး တပ်မတော်(ရေ)က ကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ပေးပါတယ်။ ရန်ကုန်မှာ ဆေးရုံဆက်တက်ဖို့ရှိတယ်။ ဟိုမှာက ဆေးရုံစရိတ်မတတ်နိုင်ဘူး။



ဦးညွန့်ဦး။



ဦးမျိုးအောင်။



ကိုကျော်စွာလင်း။



ကိုတင်ဆွေအေး။



ဗိုလ်မှူးကြီး ဇွဲဝင်းမြင့်။



ကိုမျိုးမင်းစိုး။

**သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-လှမိုး**

# တပ်မတော်နှင့် မီဒီယာကြား ထိတွေ့ဆက်သွယ် ဆောင်ရွက်နေမှုအခြေအနေများ အပြန်အလှန်ဆွေးနွေး

**နေပြည်တော် မတ် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗြိတိန်နိုင်ငံမှ အငြိမ်းစားကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Sir David Richards GCB CBE DOS အား ယနေ့ ညနေ ၃ နာရီတွင် ဘုရင့်နောင် ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီး များတက်ရောက်ကြပြီး ဗြိတိန်နိုင်ငံမှ အငြိမ်းစားကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Silas Patrick၊ စစ်သံမှူး Colonel Antony Stern နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများနှင့် ဒီမိုကရေစီလျှောက်လှမ်းနေမှုတွင် တပ်မတော်မှပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေ များ၊ လက်ရှိဆောင်ရွက်နေသောတစ်တိုင်းပြည်လုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင် အထည်ဖော်မှုအခြေအနေများ၊ တပ်မတော်နှင့်မီဒီယာကြား ထိတွေ့ဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ၂၀၁၅ ခုနှစ်တွင် တွေ့ကြုံရနိုင်သည်များကို ရင်းနှီးပွင့်လင်း စွာ အပြန်အလှန်ဆွေးနွေးကြသည်။

အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Sir David Richards သည် Eastbourne College မှ ဘွဲ့ရရှိခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် University College Cordiff Graduating ၌ နိုင်ငံတကာဆက်ဆံရေးဘာသာရပ် ကို လေ့လာသင်ကြားခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဗြိတိန် တော်ဝင်အမြောက်တပ်၌ ပြန်တမ်းဝင်အရာရှိအဖြစ် စတင် တာဝန်ထမ်းဆောင်၍ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် ဗြိတိန်တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာခဲ့ပြီး ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် အငြိမ်းစားယူခဲ့သူဖြစ်ကြောင်း နှင့် ယခုအကြိမ်အပါအဝင် မြန်မာနိုင်ငံသို့ သုံးကြိမ်မြောက် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**






# ကိုယ့်အားကိုယ်ကိုးလျှပ်စစ်ဖြင့် မလက်တိုနှင့် သရက်ငူကျေးရွာတွင် မီးလင်း

**နေပြည်တော် မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ နယ် မလက်တိုကျေးရွာအုပ်စု တပွတ္တနောင်ကြီးကျေးရွာ၊ မလက်တိုကျေးရွာ နှင့် သရက်ငူကျေးရွာများ၌ ကိုယ့်အား ကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ ရက် နံနက် ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီးဦးသိန်းညွန့်က ၁၆ဝ ကေဗွီအေ ထရန်စဖော်မာမှ ကျေးရွာတွင်းနေအိမ် များသို့ သွယ်တန်းထားသည့် လျှပ်စစ် ဓာတ်အားလိုင်းအား စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေး သည်။ ဆက်လက်၍ မလက်တို ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ် မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် လမ်းပန်းဆက်သွယ် ရေးဝန်ကြီးဦးသန်းထွန်း၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသက် လင်းနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီအဖွဲ့ဝင် ဦးကျော်စွာသိန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ သရက်ငူကျေးရွာတွင် မီးလင်းရေး ဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ယနေ့ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိပြီးဖြစ် သည့် ကျေးရွာများမှ ပြည်သူများ အတွက် လျှပ်စစ်မီးသုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ယခုရရှိသည့် လျှပ်စစ်မီးကိုအသုံးပြု၍ လူနေမှုဘဝ မြင့်မားတိုးတက်လာစေရန်အတွက် မိသားစုတစ်ပိုင်တစ်နိုင် စက်မှုလက်မှု လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြ ရန်၊ လျှပ်စစ်မီး သုံးစွဲခွင့်မရရှိသေးသည့် ကျေးရွာအုပ်စုများမှပြည်သူများအနေ ဖြင့်လည်း တလုပ်လပ်အရှေ့ကျေးရွာ မအူပင် တံတားအနီးရှိ ၃၃/၁၁ ကေဗွီ ၂ အမ်ဗွီအေဓာတ်အားခွဲရုံမှ လျှပ်စစ်မီး ရရှိသုံးစွဲနိုင်ပြီဖြစ်၍ မိမိတို့ကျေးရွာ များ လျှပ်စစ်မီးရရှိရေးကြိုးပမ်းဆောင် ရွက်သွားကြရန်၊ ဒေသနေပြည်သူများ ၏ လူနေမှုဘဝ မြင့်မားရေးအတွက် ဆောင်ရွက်ပေးထားသည့် ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို သားစဉ်မြေးဆက် ထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် တပွတ္တနောင် ကြီးကျေးရွာ၊ မလက်တိုကျေးရွာနှင့် သရက်ငူကျေးရွာများ ကိုယ့်အား ကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် တလုပ်လပ်အရှေ့ကျေးရွာ မအူပင် တံတားအနီးရှိ ၃၃/၁၁ ကေဗွီ ၂ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ အေလိုင်း ၆ ဒသမ ၉ မိုင်၊ သုည ဒသမ ၄ ကေဗွီလိုင်း ၃ ဒသမ ၃၈ မိုင်၊ ၂၀၀ ကေဗွီအေ နှစ်လုံးနှင့် ၁၆ဝ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ တည် ဆောက်ခဲ့ပြီး စုစုပေါင်းအိမ်ခြေ ၄၀၀ ကျော်အား လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ မအူပင် မြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၇၆ အုပ်စုတွင် ကျေးရွာပေါင်း ၄၃၀ ရှိသည့်အနက် ကျေးရွာပေါင်း ၂၆ ရွာတွင် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲ နိုင်ပြီဖြစ်ကြောင်း သိရသည်။

(၁၀၇)

■

# ကယားပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆွေးနွေးပွဲ လွိုင်ကော်မြို့၌ ပြုလုပ်

**လွိုင်ကော် မတ် ၂၉**

ကယားပြည်နယ် ငြိမ်းချမ်းရေးဖော် ဆောင်ရေးဆွေးနွေးပွဲကို မတ် ၂၈ ရက် နံနက် ၁၁ နာရီတွင် ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုငြိမ်းချမ်း ရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး ပြည်ထောင်စုငြိမ်းချမ်း ရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကရင်နီအမျိုး သား တိုးတက်ရေးပါတီ (KNPP)မှ ဒုတိယဥက္ကဋ္ဌ ဦးခူးဦးရယ် ခေါင်းဆောင် သောကိုယ်စားလှယ်အဖွဲ့တို့က ကယား ပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင် ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဦးသန်းဌေး၊ ကယားပြည်နယ်ဝန်ကြီး ချုပ် ဦးခင်မောင်ဦး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီမှအဖွဲ့ဝင်များ၊ ကယား ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ (Myanmar Peace Center) မှ တာဝန်ရှိသူများ၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) မှ ကိုယ်စားလှယ်များ တက်ရောက် ကြောင်းနှင့် ဆွေးနွေးပွဲကို ညနေ ၅ နာရီတွင် ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■




# ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)၌ လူမှုဖူလုံရေးလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး



**မော်လမြိုင် မတ် ၂၉**

မွန်ပြည်နယ် လူမှုဖူလုံရေးအဖွဲ့မှ ပြည်နယ်တာဝန်ခံ ဒေါ်အိအိသွယ်(ဦးစီး)၊ နယ်မြေဒုတိယဦးစီးမှူးများနှင့် မောင်ငံဆေးခန်းတာဝန်ခံ ဒေါက်တာဇင်မင်းနောင်တို့အဖွဲ့ သည် မတ် ၂၅ ရက်က ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) သို့ လာရောက်၍ ဝန်ထမ်းများအား ၂၀၁၂ လူမှုဖူလုံရေး ဥပဒေပါ စီမံကိန်းများအကြောင်း ရှင်းပြခြင်း၊ လူမှုဖူလုံရေး လုပ်ငန်းစဉ်များ၏ အကျိုးခံစားခွင့်များရရှိရန် ဆောင်ရွက် ရမည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းချ ပြခြင်း၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားပါက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြ သည်။

**(မောင်မေတ္တာ)**

## ပြည်တွင်းရေးရာ

**✻ ဒုတိယသမ္မတမှ**

မုခ်ဦးကိုဖွင့်လှစ်စဉ် တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်မိသားစုများနှင့် တာဝန်ရှိသူများက ပိဋကတ်တိုက်တော်ကြီးနှင့် ပိဋကတ်အုတ်ကျောင်းတော်အဝင်မုခ်ဦး၊ မဟာပဋ္ဌာန်းဟောရွှေသိမ်တော်ကြီးနှင့် အဝင်မုခ်ဦး၊ သုဓမ္မာဇရပ်တော်ကြီးနှင့် အဝင်မုခ်ဦး၊ သာသနာပိုင် ဆရာတော်ကြီးများ သီတင်းသုံးတော်မူရာ သုဓမ္မာရွှေကျောင်းတော်ကြီးနှင့် အဝင်မုခ်ဦး၊ ရတနာပုံ မြို့တည် နန်းတည် ကုသိုလ်ရှင် မင်းတုန်းမင်းတရားကြီးနှင့် မြောက်နန်းစံ မိဖုရားကြီး စကြာဒေဝီတို့၏ ဗိမာန်တော်ကြီးနှင့် အဝင်မုခ်ဦး၊ မန္တလေး မြို့တည် နန်းတည် ရတနာပုံ ကျောက်စာတိုင်နှင့် အဝင်မုခ်ဦး၊ စနုဆောင်နှစ်ဆောင်မုခ်ဦး၊ ကျောက်တော်ကြီး မြတ်စွာဘုရား မုခ်ဦးများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသည့် ဆရာတော် သံဃာတော်များ၊ ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များသည် မဟာဗောဓိပင်အားစိုက်ပျိုးပြီး အမွှေးနံ့သာရည်များ၊ ရေစင်ရေသန့်များ သွန်းလောင်းပူဇော်ကြသည်။

ယင်းနောက် မန္တလေးမြို့တည် နန်းတည် သမိုင်းဝင်သတ္တဌာန အဆောင်တော်များကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ယာယီမဏ္ဍပ်၌ နိုင်ငံတော်ဩဝါဒါစရိယ၊ ဘုရားကြီးတိုက် လယ်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တကာရုဉထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သက်တော်ရှည် ဝါဆိုကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက သက်တော်ရှည် မြတောင်ကျောင်းတိုက် သာသနပါလ ရွှေဝါဝင်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ သာသနာဘိဝံသ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ ဒေါက်တာ အရှင်ဉာဏိဿရတို့ထံမှ ဩဝါဒကထာနာယူကြသည်။

ယင်းနောက် အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာ သုဓမ္မာ ဦးကျော်ဝင်းက မန္တလေးမြို့တည် နန်းတည်သမိုင်းဝင် သတ္တဌာန အဆောက်အုံများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြလျှောက်ထားသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြတောင်ကျောင်းတိုက် သာသနပါလ ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသထံမှ အနုမောဒနာတရား နာယူကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သာသနာပိုင် ဆရာတော်ကြီးများ သီတင်းသုံးတော်မူရာ သုဓမ္မာရွှေကျောင်းတော်ကြီး၌ နေ့ဆွမ်းဆက်ကပ်သည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကုန်းဘောင်မင်းဆက် ဘုရင်တစ်ပါးဖြစ်သည့် မင်းတုန်းမင်းတရားကြီးသည် ရတနာပုံ မန္တလေးမြို့တည်နန်းတည် သတ္တဌာနများဖြစ်သည့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကြီး၊ မဟာအတုလဝေယံအတုမရှိကျောင်းတော်ကြီး၊ မဟာပဋ္ဌာန်းဟောရွှေသိမ်တော်ကြီး၊ သုဓမ္မာရွှေဇရပ်တော်ကြီး၊ ပိဋကတ်တိုက်တော်ကြီး၊ မန္တလေးမြို့ရိုးနှင့် ကျုံးတော်လေးဖက်လေးတန်တို့အား မြန်မာသက္ကရာဇ် ၁၂၂၀ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်တွင် တစ်ပြိုင်တည်းပန္နက်တော်တင်တည်ဆောက်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၂၂၃ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ ရက်တွင် ရေစက်သွန်းချလှူဒါန်းခဲ့သည်။

ခရစ်သက္ကရာဇ် ၁၉၃၉ - ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလအတွင်း အဆိုပါ သတ္တဌာနများမှာ မီးလောင်ပျက်စီးခဲ့သည့်အတွက် ခေတ်အဆက်ဆက်အစိုးရများက နန်းမြို့ရိုး၊ ကျုံးတော်၊ လောကမာရဇိန်ကုသိုလ်တော်ဘုရားကြီးနှင့် မဟာအတုလဝေယံကျောင်းတော်ကြီးတို့ကို ပြုပြင်ခဲ့ပြီး မပြည့်မစုံဖြစ်ခဲ့ရာ အလှူရှင် သီရိသုဓမ္မမဏိ ဇောတဓရ ဒေါက်တာ သုဓမ္မာ ဦးကျော်ဝင်းနှင့် ဇနီး သုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်သန်း မိသားစုတို့က အလှူငွေကျပ် သိန်းပေါင်း ငါးသောင်းသုံးထောင့်တစ်ရာကျော် အကုန်အကျခံ၍ ပြည့်စုံအောင် ပြန်လည်ပြုပြင်တည်ဆောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိပြီး မန္တလေးမြို့ပေါ်ရှိ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူးများ၊ သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) ခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဒေါ်ဆန်းဆန်းဝင်းက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အမှာစကား ပြောကြားရာတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)၏ အခြေအနေအရပ်ရပ်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ သင်ကြားမွေးထုတ်ပေးသည့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေး အရည်အချင်းများသည် ဤတက္ကသိုလ်၏ ပုံရိပ်များပင်ဖြစ်ပါကြောင်း၊ ပါမောက္ခချုပ်မှ အစပြု၍ ဝန်ထမ်းများအဆုံး စည်းလုံးညီညွတ်မှုရှိမှသာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၏ အဆင့်အတန်းမြင့်မားလာမည်ဖြစ်ပါကြောင်း၊ ဤတက္ကသိုလ်ရှိ ဆရာ ဆရာမများ အဆင့်ဆင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ လျှပ်စစ်မီး၊ ရေ လိုအပ်ချက်များ လုံလောက်စွာရရှိရေး၊ ဝန်ထမ်းများ၏ လူမှုစီးပွားပြည့်စုံရေးသည် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရာ၌ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က လည်း ကျန်းမာရေးကဏ္ဍမြှင့်တင်မှုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများခန့်ထားရာတွင် ရာနှုန်းပြည့် ခန့်ထားခွင့်ပြုခဲ့ပါကြောင်း၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အရေအတွက်ရော အရည်အသွေးပါ ပြည့်ဝသည့် ကျောင်းသား ကျောင်းသူများပေါ်ထွန်းလာစေရန် သင်ကြားပြသပေးကြရမည်ဖြစ်ပါကြောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အနေဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာစွမ်းအားဖြင့် ကျန်းမာသန်စွမ်းသည့် ပြည်သူများ မွေးထုတ်ရာတွင် တစ်တပ်တစ်အား အထောက်အကူ ပြုကြမည်ဖြစ်ပါကြောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အား အရည်အသွေးပြည့်စုံသည့် နိုင်ငံတကာအဆင့်ဖြစ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)ကို ၁၉၉၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၉ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဆေးတက္ကသိုလ်(မန္တလေး)နှင့် တွဲဖက်၍ ပညာသင်ကြားပေးခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၁၁ ရက်မှ စတင်၍ ယခုလက်ရှိ ချမ်းမြသာစည်မြို့နယ် မြို့သစ် (၁)ရပ်ကွက် (၆၂)လမ်းရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)တွင် သွားဘက်ဆိုင်ရာ ဆေးပညာများကို ဆက်လက်သင်ကြားလျက်ရှိသည်။

**(သတင်းစဉ်)**

## မြို့နယ်အတွင်း မိုးရာသီ လမ်းများပေါ်ရေမကျော်ရေး စက်ယန္တရားဖြင့်ရေမြောင်းတူးဖော်

**ရန်ကုန် မတ် ၂၉**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီသည် ရုံးပိတ်ရက်အနားယူခြင်းထက် မြို့နယ်အတွင်း မိုးရာသီတွင် လမ်းများပေါ် ရေမကျော်ရေးသည် အဓိကလုပ်ဆောင်ရမည့်လုပ်ငန်းအဖြစ် သတ်မှတ်ပြီး မတ် ၂၉ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးမြင့်လွင်(လူမှု) (အင်ဂျင်နီယာဌာန၊ လမ်းနှင့်တံတား)မှ ကြီးကြပ်ရေးမှူး ဦးအေးကြိုင်တို့ ဦးဆောင်ပြီး (ဃ)ရပ်ကွက် ဥက္ကလာပသီရိလမ်းမကြီးဘေးရေမြောင်း ရေစီးရေလာကောင်းရေးအတွက် စက်ယန္တရားဖြင့် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

ယင်းလမ်းမကြီးတူးဖော်ပေးသည့်အတွက် ရပ်ကွက်အတွင်း စီးဆင်းမည့်ရေများ ရွှေလှေချောင်းအတွင်း မြန်ဆန်စွာ စီးဆင်းသွားမည်ဖြစ်ကြောင်း အင်ဂျင်နီယာဌာန၊ လမ်းနှင့်တံတားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(ဂျိုသရီး)**



## လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတွေ့ဆုံဆွေးနွေး

**ရေစကြို မတ် ၂၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့် ပတ်သက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၉ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး အခြေခံမဲဆန္ဒရှင်စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ခြင်း၊ စိစစ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အဖွဲ့ခွဲဝင် ဦးလှမိုးက လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသောဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ အဖွဲ့ခွဲဝင် ဦးဇော်ဇော်ဦးက လည်းကောင်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ၏ လုပ်ငန်းလမ်းညွှန်များနှင့် ပတ်သက်၍ အဖွဲ့ခွဲဝင် ဦးမြင့်ဟန်က လည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းလမ်းညွှန်များနှင့် ပတ်သက်၍ အဖွဲ့ခွဲဝင် ဦးခင်ဝကလည်းကောင်း အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များက မိမိတာဝန်ယူထားသည့် နယ်မြေအလိုက် အခြေခံမဲစာရင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်လွင်က ပြန်လည်ဖြေကြားခဲ့သည်။ **(ဖေထွဏ်းဇော်-ရေစကြို)**

**ပြည်တွင်းရေးရာ**

# ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ရန်ကုန်အလုပ်သမားဆေးရုံကြီး ဆေးရုံအင်္ဂါရပ်နှင့်ညီအောင်ပြုပြင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန်  မတ်  ၂၉**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် မတ် ၂၉ ရက်တွင် ရန်ကုန်အလုပ်သမားဆေးရုံကြီးကို ဆေးရုံအင်္ဂါရပ်နှင့်ညီညွတ်အောင် ပြုပြင်မွမ်းမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ပြည်ထောင်စုဝန်ကြီးက လေဝင်လေထွက်ကောင်းမွန်ရေး၊ ဆေးရုံအင်္ဂါရပ်နှင့်အညီ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် ဆေးရုံလာရောက်ဆေးကုသသည့်လူနာများအား ကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရေးအတွက် အထူးဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် လူမှုဖူလုံရေး အာမခံအလုပ်သမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ၏ ကျန်းမာရေးဝန်ဆောင်မှုများကို အထူးအလေးထားဆောင်ရွက်နေပါကြောင်း၊ အလုပ်သမားများ၏လုပ်အားသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အားတစ်ခုဖြစ်သလို မိမိတို့ဝန်ကြီးဌာနမှလည်း အလုပ်သမားများ၏ ကျန်းမာရေးဝန်ဆောင်မှုအပိုင်းကို အထူးအလေးထား၍ ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားများ အဓိကအားထားနေရသည့် ရန်ကုန်အလုပ်သမားဆေးရုံကြီးကို အမှန်တကယ်ကောင်းမွန်သည့် ကုသမှုများပေးနိုင်သော ဆေးရုံကြီးတစ်ခုအဖြစ် ဆေးရုံအင်္ဂါရပ်နှင့် ညီညွတ်အောင် အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

---

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘဏ်လုပ်ငန်းနှင့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မိုဟာမက် ယူနပ်စ်က မြန်မာအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ရန်ကုန်  မတ်  ၂၉**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်နိုင်တစ်ပိုင်အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) များသည် အဓိကကျောရိုးဖြစ်သည်။ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် "စွန့်ဦးတီထွင်ခြင်းဆိုင်ရာနည်းလမ်းများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု လူမှုစီးပွားရေးလုပ်ငန်းများတွင် ဘဏ္ဍာရေးဆိုင်ရာပါဝင်စေခြင်း အခန်းကဏ္ဍ"ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို မတ် ၂၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI အသင်းချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီမြန်မာ(NESAC)၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် Actionaid Myanmar တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားသူအများအပြား တက်ရောက်ခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဦးဆောင်ဟောပြောသူမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘဏ်လုပ်ငန်းရှင်တစ်ဦးအဖြစ် ထင်ရှားပြီး ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်တစ်ဦးလည်းဖြစ်သည့် မိုဟာမက် ယူနပ်စ် ဖြစ်သည်။



စကားဝိုင်းဆွေးနွေးပွဲမစတင်မီ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များ ရှိနေသည့်အနက် ၎င်း၏အမြင်ကိုမေးမြန်းရာ "မြန်မာနိုင်ငံက အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေက ဘဏ်ချေးငွေရရှိမှု အလွန်ကိုနည်းတယ်လို့ ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းသိထားပါတယ်။ ဘဏ်ချေးငွေကို လူချမ်းသာတွေလောက်ပဲရကြပြီး လက်လှမ်းမမီဘဲ ကျန်ခဲ့တဲ့သူတွေက ရင်းနှီးမြှုပ်နှံဖို့ ငွေကြေးလိုအပ်နေသူတွေ ဖြစ်ကြပါတယ်။ လူနည်းစုလောက်ပဲ ဘဏ်ချေးငွေရနေသရွေ့ တိုင်းပြည်မှာရှိတဲ့ SME တွေကြီးပွားဖို့ ခက်ခဲနေဦးမှာပါ"ဟု သုံးသပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေတစ်ရပ် အသက်ဝင်တော့မည်ဖြစ်ရာ ၎င်းအနေဖြင့် အလွန်ကောင်းသည့် အချက်တစ်ခုအဖြစ်လည်း ရှုမြင်သည်ဟု ဆိုသည်။

"ဥပဒေပြုနိုင်တာ ပထမအဆင့် အောင်မြင်သွားတာပဲဖြစ်ပါတယ်။ ဒီအချက်ကကောင်းပါတယ်။ ဒါပေမယ့် ဒီဥပဒေကို အကောင်အထည်ဖော်ဖို့ကလည်း အရေးကြီးတဲ့နောက်တစ်ချက်ဖြစ်ပါတယ်။ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ပံ့ပိုးမှုတွေရနိုင်ဖို့က ဒီဥပဒေအသက်ဝင်မှသာ ဖြစ်မှာပါ"ဟု ဆက်လက်သုံးသပ်သည်။

ထို့ပြင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဘဏ်ချေးငွေရရှိရေးသည် အစိုးရဘဏ်တစ်ခုတည်းသာမက ပုဂ္ဂလိကဘဏ်များကလည်း လုပ်ဆောင်ရန်လိုအပ်ကြောင်းနှင့် ပုဂ္ဂလိကအခန်းကဏ္ဍကို မတိုးချဲ့ပါက စီးပွားရေးလုပ်ငန်းများချေးငွေရရှိမှုသည် နည်းနေဦးမည်ဟုလည်း ဆိုသည်။

"ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ဘဏ်တွေကနေ လိုအပ်တဲ့ငွေရင်း၊ ငွေနီးတွေကိုချေးပေးဖို့ လိုပါတယ်။ နောက်ပြီး သိပ်ဆင်းရဲတဲ့ အမျိုးသမီးတွေလည်း ချေးငွေရဖို့ လိုပါတယ်။ အသေးစားချေးငွေတွေကို တကယ်ဆင်းရဲတဲ့မိသားစုတွေရဖို့ နောက်ထပ်ဥပဒေတစ်ရပ်လည်း လိုအပ်နေပါသေးတယ်။ အမျိုးသမီးတွေရတဲ့ပိုက်ဆံသည် အလေအလွင့်မရှိဘဲ အိမ်ထောင်စုတွေကို အကုန်ပြန်ရောက်တာဖြစ်တဲ့အတွက် အမျိုးသမီးတွေလက်ထဲကို ပိုက်ဆံရောက်သွားပြီး အမျိုးသမီးတွေက စီးပွားရေးကို ကိုယ်တိုင်လုပ်နိုင်အောင် ဖန်တီးပေးဖို့လည်းလိုပါတယ်"ဟု ၎င်းက စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ယခုထက်ပိုမိုမြှင့်တင်ရေးကိုလည်း ထောက်ပြပြောဆိုခဲ့သည်။

မိုဟာမက် ယူနပ်စ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Grameen Bank အား စတင်တည်ထောင်သူဖြစ်ပြီး ၎င်း၏ဘဏ်သည် အသေးစားချေးငွေလုပ်ငန်းများကို ၁၉၈၀ ခုနှစ် နှစ်လယ်ပိုင်းမှ စတင်ခဲ့သည်။ ယခုအချိန်တွင် နိုင်ငံပေါင်း ၁၀၀ ကျော်၌ အသေးစားချေးငွေလုပ်ငန်းများမှာ တွင်ကျယ်နေပြီး ဆင်းရဲမှုလျှော့ချရေးအတွက် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော နွမ်းပါးသူ အထူးသဖြင့် အမျိုးသမီးများအား လုပ်ငန်းလုပ်ဆောင်နိုင်ရန် အကူအညီပေးလျက်ရှိသည်။

"ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်နိုင်သောနည်းလမ်းများကို လူအများစုမရရှိနိုင်သရွေ့ နိုင်ငံတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးမရနိုင်"အလားတူ မည်သည့်နိုင်ငံ၊ မည်သည့်ယဉ်ကျေးမှုတွင်ဖြစ်စေ အဆင်းရဲဆုံးသူများပင် ၎င်းတို့၏ ဖွံ့ဖြိုးမှုအတွက် ကိုယ်တိုင်ကိုယ်ကျလုပ်ဆောင်နိုင်ကြကြောင်းကို ပြသနိုင်ခဲ့သဖြင့် ၂၀၀၆ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

မိုဟာမက် ယူနပ်စ်သည် ဘောဂဗေဒဘာသာရပ်တွင် ဒေါက်တာဘွဲ့ရရှိထားသူဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Chittagong တက္ကသိုလ်တွင် သင်ကြားပို့ချခဲ့သည်။ အသေးစားချေးငွေလုပ်ငန်းနှင့်ဆက်စပ်သော ဖွံ့ဖြိုးမှုလုပ်ဆောင်ချက်များကို လူမှုစီးပွားရေးလုပ်ငန်းအသွင်သို့ ကူးပြောင်းခဲ့ပြီး ယခုအချိန်တွင် Yunus Center မှတစ်ဆင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူမှုစီးပွားသဘောတရားများကို ဖြန့်ဝေလျက်ရှိသည်။

**(နန္ဒာဝင်း)**


NEW MOTION Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေ့လျားသစ်လွင် သင်္ကြန်စနိုးစဉ်

| | | | |
|---|---|---|---|
| ပုဂံ | April; 12,13,17 | မိုးကုတ် | April; 13 |
| ပုဂံ-ရွှေစက်တော် | April; 13 | ငွေဆောင်/ငပလီ | April; 13,15 |
| ပုဂံ-တောင်ကြီး | April; 11,12 | မန္တလေး | April; 14,17 |
| အလောင်းတော်ကဿပ | April; 17 | တောင်ကြီး | April; 11,17 |

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09-731 48922, 09-4925 2911, 4925 2922.

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။



အမည်ပြောင်း
ဦးတင်ဝင်းနိုင်-ဒေါ်မြသီတာကြီးတို့၏သမီး နေပြည်တော်၊ ဇမ္ဗူ သီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်၊ အလယ်တန်းကျောင်းခွဲ၊ ဒုတိယတန်းမှ မကေခိုင်စံအား ယနေ့မှစ၍ မကြည်ဖြူသန့်စင်ဟု ပြောင်းလဲခေါ်ပါရန်။
မကြည်ဖြူသန့်စင်



ဓာတုဗေဒသင်ပြကြမည့် ဆရာ၊ဆရာမများ၊ Guide များအတွက်
သိပ္ပံပညာချွန်ဆုရ
ဆရာဦးသန်းထွန်း (ဓာတုဗေဒ)
၁၀-တန်း ဓာတုဗေဒသင်ရိုးအစမှအဆုံး
သင်တန်းအမှတ်စဉ်(၁၀) ဧပြီ(၁)မှ(၂၉)ထိ၊ နံနက်(၈)နာရီမှ မွန်းလွဲ(၁း၃၀)အထိ
(တက္ကသိုလ်ဝင်ခွင့်အတွက်ကျောင်းသား/သူများတက်နိုင်)
Ph: 01-570178, 570371, 09 50 29606




# မော်လမြိုင်တွင် သီရိမင်္ဂလာအိမ်ရာတိုက်ခန်းများနှင့် ဆိုင်ခန်းများအပ်နှံပွဲကျင်းပ



**မော်လမြိုင် မတ် ၂၉**

မွန်ပြည်နယ်၏ ပထမဦးဆုံးသော သီရိမင်္ဂလာအိမ်ရာ စီမံကိန်း၏ ပထမအဆင့် အိမ်ခန်းများပိုင်ရှင်များလက်သို့ အပ်နှံပွဲနှင့် အဝင်မုခ်ဦး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက်က သီရိမင်္ဂလာရပ်ကွက်ရှိ အဆိုပါ အိမ်ရာ စီမံကိန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးစွာ အဝင်မုခ်ဦးကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် သီရိမင်္ဂလာ အိမ်ရာစီမံကိန်းကို တာဝန်ယူတည်ဆောက်ပေးခဲ့သော UHM ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းအောင်ရွှေက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် မော်လမြိုင်မြို့၏ သီရိမင်္ဂလာအိမ်ရာစီမံကိန်းသည် လူနေဈေးဆိုင်များ ဖြင့်စည်ကားသောနေသော သီရိမြိုင်ဈေးနှင့် ကပ်လျက်တည်ရှိပြီး၊ စေတီဘုရား၊ စာသင်ကျောင်း၊ ရပ်ကွက်ဓမ္မာရုံကြီးများနှင့် နီးကပ်စွာတည်ရှိကာ အိမ်ခန်းအကျယ်အဝန်းမှာလည်း စတုရန်းပေ ၆၀၀ ရှိ၍ အခန်းတိုင်းထောင့်ခန်းများဖြစ်ခြင်းစသည့် ပြီးပြည့်စုံသော ပုံစံဖြင့် ဖွဲ့စည်းထားကြောင်း၊ စီမံကိန်းတစ်ခုလုံး၏ အခြေခံအဆောက်အအုံ လုပ်ငန်းများဖြစ်သော ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်း၊ ရေမြောင်းနှင့် စိမ်းလန်းစိုပြည်ရေးအပြင် စီမံကိန်းအတွင်းရှိသော စာသင်ကျောင်းအဆင့်မြှင့်တင်ခြင်း၊ ရှေ့မျက်နှာစာရှိ ဈေးဆိုင်တန်းများတည်ဆောက်ခြင်း စသည့်ကုန်ကျစရိတ်များအတွက် တိုက်ခန်းရောင်းဈေးကို ထပ်မံတိုးမြှင့်ခြင်းမရှိဘဲ မူလသတ်မှတ်သည့် တိုက်ခန်း ရောင်းဈေးအတိုင်းသာ ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အိမ်ရာ ပထမအဆင့် တိုက်ခန်း ဝယ်ယူထားသူများသို့ အခန်းသော့များအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က လက်ငင်းငွေချေစနစ်ဖြင့်ဝယ်ယူသူ ၂၉ ဦးကိုယ်စား တိုက်ခန်းဝယ်ယူ နေထိုင်ခွင့်ရသူ သုံးဦးအားလည်းကောင်း၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက အငှားဝယ်စနစ်ဖြင့် တိုက်ခန်းဝယ်ယူသူ ၁၃၁ ဦးကိုယ်စား နေထိုင်ခွင့်ရရှိသူ သုံးဦးအားလည်းကောင်း၊ မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးက အိမ်ရာစီမံကိန်းမှ တည်ဆောက်ပေးခဲ့သော ဆိုင်ခန်းများအား ဆိုင်ခန်းရှင်များကိုယ်စား သီရိမင်္ဂလာ ရပ်ကွက် အုပ်ချုပ်ရေးမှူးအားလည်းကောင်း ပေးအပ်ခဲ့သည်။

အဆိုပါစီမံကိန်းကို မွန်ပြည်နယ်စည်ပင်သာယာရေး ကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ၂၀၁၄ ခုနှစ်မတ်လက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြေညီထပ်တစ်ခန်းလျှင် ကျပ် ၁၃၅ သိန်း၊ ပထမထပ်တစ်ခန်းလျှင် ကျပ်သိန်း ၁၃၀၊ ဒုတိယထပ်တစ်ခန်းလျှင်ကျပ် ၁၂၅ သိန်း၊ တတိယထပ် တစ်ခန်းလျှင် ကျပ်သိန်း ၁၂၀နှုန်းဖြင့် လုပ်သက်ရင့်ဝန်ထမ်းများနှင့် ယင်းရပ်ကွက်နေဝန်ထမ်းမဟုတ်သော ပြည်သူများအား ငါးနှစ်အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။

"ကျွန်မက အပေါ်ဆုံးထပ်တိုက်(E)၊အခန်း (၃၀၆) ရတယ်။ အခုတော့ပင်စင်စားပေါ့။ ပင်စင်လစာက လေးသောင်းခုနစ်ထောင်ကျော်ရတယ်။ တိုက်ခန်းအနေနဲ့ တစ်လကို တစ်သိန်းလေးသောင်းကျော် သွင်းရပေမယ့် သားသမီးလေးယောက်ရဲ့ လုပ်ခလစာတွေနဲ့ဝိုင်းဝန်းပေးကြလို့ အဆင်ပြေပါတယ်။ စစချင်း ၃၀ ရာခိုင်နှုန်းပေးတုန်းကလည်း စုဆောင်းထားတဲ့ငွေနဲ့ တချို့ရွှေစလေးတွေ ရောင်းပြီးပေးခဲ့တော့ အခက်အခဲမရှိခဲ့ပါဘူး။ အခုတော့ အိမ်ပိုင်ဆိုင်ခွင့်ရပြီဆိုတော့ ပျော်ပါတယ်" ဟု အလယ်တန်းပြဆရာမ ဒေါ်ခင်ရီက ပြောသည်။

ပထမအဆင့်အနေဖြင့် ရှစ်ခန်းတွဲ လေးထပ် ငါးလုံး၊ အခန်းပေါင်း ၁၆၀ကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအဆင့် အနေဖြင့် ရှစ်ခန်းတွဲ လေးထပ် ကိုးလုံး၊ အခန်းပေါင်း ၂၈၈ ခန်းကို ဩဂုတ်လအတွင်းအပ်နှံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆက်နေမင်းအောင်)**

ooo

# နည်းပညာမြင့်မားလာသော Galaxy S6 နှင့် S6 Edge မြန်မာနိုင်ငံရောက်ရှိ

**ရန်ကုန် မတ် ၂၉**

မိုဘိုင်းဖုန်းသစ်များ ပေါ်ထွက်လျက်ရှိသည့်အနက် Samsung မှ နောက်ဆုံးထုတ်ဖုန်းအသစ် Galaxy S6 နှင့် S6 Edge ပြသပွဲကို ရန်ကုန်မြို့ Janction Square တွင်ယနေ့ ပြုလုပ်ခဲ့သည်။ "အခုက ကတော့ ကျွန်တော်တို့နောက်ဆုံးထွက်ရှိလိုက်တဲ့ S6 နဲ့ S6 Edge ရဲ့ ရိုးရှင်းတဲ့နည်းပညာဆန်းများနဲ့ ထူးခြားတဲ့အသွင်ဒီဇိုင်းကို ဈေးကွက်အတွင်းရရှိနိုင်မယ့် အာရှနိုင်ငံအနည်းငယ်မှာ မြန်မာနိုင်ငံလည်းတစ်နိုင်ငံပါဝင်စေချင်တဲ့အတွက် ဖြစ်ပါတယ်"ဟု Head Of IM မှ ကိုဇာနည်ဝင်းထက်က နည်းပညာဆန်းသစ်မှုနှင့်ဈေးကွက်ကို ရှင်းပြသည်။




သတ္တုနှင့်မှန်သားကို အကောင်းဆုံးပေါင်းစပ်ထားသည့် Galaxy S6 နှင့် S6 Edge တို့တွင် သပ်ရပ်သည့် ဖြတ်တောက်ဖန်တီးမှုပုံစံအပြင် Samsung Core နည်းပညာကိုလည်း အသုံးပြုထားကြောင်း သိရသည်။ အထူးသဖြင့် ကမ္ဘာပေါ်တွင် ပထမဆုံးသော ဘောင်နှစ်ဖက်တွင် ကွေးညွတ်မျက်နှာပြင် ပါရှိသည့် စမတ်ဖုန်းအဖြစ် S6 Edge ကိုဖန်တီးထားသည်။ ယင်းဖုန်းနှစ်မျိုးစလုံးတွင် ရိုးရှင်းစွာ သုံးစွဲနိုင်စေမည့် Application များ၊ အလိုအလျောက် လုပ်ဆောင်နိုင်မည့် Features များနှင့် Setting များကိုအဆင့်မြှင့်တင်ထားသည်။ ထို့အပြင် ဖုန်းဘက်ထရီကို ကြိုးမဲ့ အားသွင်းစနစ်ဖြင့် ကြိုးမဲ့အားသွင်းနိုင်သည့် မည်သည့်ကြားခံပစ္စည်းနှင့်မဆို အသုံးပြုနိုင်ကြောင်း သိရသည်။

"ကျွန်မတို့ကသူများနိုင်ငံတွေနဲ့ အပြိုင် နောက်ဆုံးပေါ်ဖုန်းတွေကို ပြောင်းသုံးကြည့်ပြီး သတင်းအချက်အလက်နဲ့ နည်းပညာတွေ ကို ရယူနေတာပါ၊ ဒါကြောင့် Samsung အသစ်ထွက်မယ်ကြားကတည်းက သိချင်လို့လာကြည့်တာပါ"ဟု မိုဘိုင်းဝါသနာရှင်တစ်ဦးက ပြောသည်။ ယင်းဖုန်းကို မြန်မာနိုင်ငံတွင် ကြိုတင်မှာယူစနစ်ဖြင့် မတ် ၂၃ ရက်မှ ဧပြီ ၆ ရက်အတွင်းမှာ ယူနိုင်မည်ဖြစ်ပြီး ပုလဲဖြူ နက်မှောင်နီလာ၊ ရွှေရောင်ပလက်တီနမ် စသည့် အရောင်များဖြင့်ရွေးချယ်နိုင်သည်။ 32 GB Galaxy S6 ၏ ဈေးနှုန်းမှာ ကျပ် ၇၄၉၀၀၀၊ S6 Edge မှာ ကျပ် ၈၆၉၀၀၀ ဖြစ်ကြောင်း သိရသည်။ **(ခင်ဇာလီ)**

# ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်

**ရန်ကုန် မတ် ၂၉**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(အငြိမ်းစား)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသက်(၇၀)နှစ်နှင့်အထက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့လုပ်ငန်းများ အောင်မြင်စွာကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အဖွဲ့ဝင်များနှင့်အဖွဲ့ဝင်များ၏ သား၊ သမီး၊ မြေးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

**○ နယ်သာလန်မှ**

ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့ရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ တိုးမြှင့်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာစာပေများ တိုးတက်ရေးတို့အတွက် နယ်သာလန်နိုင်ငံနှင့် နိုင်ငံခြားတိုင်းပြည်တို့၌ နှစ်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် မိဖုရား မက်ဆီမာအား ဘဏ္ဍာရေးဆိုင်ရာ အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ ၂၀၁၁ ခုနှစ်မှစ၍ ဂျီ-၂၀ အဖွဲ့၏ Global Partnership for Financial Inclusion တွင် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဖြစ်လာသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုလသမဂ္ဂနှင့် ဂျီ-၂၀ အကြားပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေပြီး နှစ်ပေါင်းများစွာကပင် ကြိုးပမ်းဆောင်ရွက်နေသော ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ အလုံးစုံတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိသည်။




# မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ပဲခူး မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနလက်အောက်ရှိ ပဲခူးမြို့နယ် ဦးစီးဌာနမှူးရုံးမှ ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် ပန်းခြံကုန်း ပရဟိတကျောင်း၌ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မတ် ၂၈ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ ပဲခူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းတို့၏ ကြီးကြပ်မှုဖြင့် ပဲခူးမြို့နယ် ဦးစီးဌာနမှူး ဦးခင်မောင်စိုး၊ လက်ထောက်လဝကမှူး ဒေါ်မေကြည်ခိုင်တို့က ရပ်ကွက်နေပြည်သူများ ကိုယ်စား မြို့တွင်း ကြီးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းထံ နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၃၆ ခု ပေးအပ်သည်။

**(ဝ၇၅)**






## ကျေးဇူးတင်လွှာ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ငွေဆောင်ကမ်းခြေ Ngwe Saung Yacht Club & Resort ၌ ၂၀၁၅ ခုနှစ် မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့သော 13th AESAN Senior Officials Responsible for Information Meeting (13th SOMRI Meeting) ကို အောင်မြင်စွာ ကျင်းပနိုင်ရန် အစစအရာရာ ပံ့ပိုးကူညီပေးခဲ့သော ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ Ngwe Saung Yacht Club & Resort မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ခဲ့ကြသူများအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## လယ်တောသူအလှမယ်ပြိုင်ပွဲ (၂၀၁၅) ရန်ကုန်မြို့ MCC ၌ ကျင်းပ

**ရန်ကုန် မတ် ၂၉**

မြန်မာ့လယ်ယာထွက်ကုန်တန်ဖိုးမြှင့်စက်ကိရိယာပြပွဲ ၂၀၁၅ နှင့် လယ်တောသူအလှမယ်ပြိုင်ပွဲအား လယ်ယာထွက်ကုန်မြင့်တက်စေရန် ရည်ရွယ်ပြီး မတ် ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်း MCC မြန်မာကွန်ဗင်းရှင်း စင်တာ၌ ကျင်းပခဲ့သည်။

နောက်ဆုံးနေ့ လယ်တောသူအလှမယ်ပြိုင်ပွဲ (၂၀၁၅) တွင် ပြိုင်ပွဲဝင် လယ်တောသူ စုစုပေါင်း ၂၀ က ကာယအလှပြခြင်း၊ ကာယကြံ့ခိုင်မှုပြခြင်းနှင့် တစ်ဦးချင်းလယ်တောသူအလှယှဉ်ပြိုင်ကြပြီး ပထမ ၁၀ ဦးကို ရွေးချယ်သည်။

ယင်းနောက် ဆန်စပါးအသင်းနှင့် တောင်သူလယ်သမားအသင်း၊ မြန်မာနိုင်ငံ တောင်သူလယ်သမားများအသင်းမှ တာဝန်ရှိသူများနှင့် မတင်မိုးလွင်တို့က လယ်ယာဗဟုသုတ မေးခွန်းတစ်ခုစီမေးမြန်းကြရာ အားလုံး ဖြေဆိုနိုင်သဖြင့် ငါးဦးကို ပြန်လည်ရွေးချယ်ခဲ့ကြောင်း သိရသည်။ Miss Farmer ၂၀၁၅ ဆုကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မှ ခါးနံပါတ်(၁) မဝင်းလဲ့ဖွေး၊ 1st Runner Up ဆုကို ကရင်ပြည်နယ် ဘားအံမြို့နယ် မိန်းမလှကျေးရွာမှ ခါးနံပါတ်(၁၅) မခင်သိမ့်သိမ့်သူ၊ 2nd Runner Up ဆုကို ဧရာဝတီတိုင်းဒေသကြီးမှ ခါးနံပါတ် (၁၈) မအယ်ကိုမီ၊ Miss Member Choice ဆုကို မန္တလေးတိုင်းဒေသကြီးမှ မသဲယုမွန်၊ Best Photogenic ဆုကို ရှမ်းပြည်နယ် ညောင်ရွှေမှ မနှင်းအိန္ဒြာလှိုင်၊ Miss Best Custome ဆုကို ကချင်ပြည်နယ်မှ ခါးနံပါတ်(၂) မဆိုင်းခေါန်တို့အား အကဲဖြတ်ရွေးချယ်အဖွဲ့မှ ကြည့်ရှုစိစစ်ရွေးချယ်ပြီး ဆုများ အသီးသီး ပေးခဲ့ကြောင်း သိရသည်။

Miss Farmer ၂၀၁၅ ဆုရရှိ၍ အလွန်ဝမ်းသာကြောင်း၊ ယခုနှစ်မှ ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း Miss Farmer ၂၀၁၅ ဆုရှင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မှ ခါးနံပါတ်(၁) မဝင်းလဲ့ဖွေးက ပြောသည်။ ပြပွဲသို့ အနယ်နယ်အရပ်ရပ်မှ ညီနောင်ဆန်စပါး၊ လယ်သမားအသင်းများမှ အသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(သန့်ဇင်ဝင်း)**




**❋ ကျောဖုံးမှ**

အနိုင်ရရှိရန် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး ဇွန်မိုးအောင်၏ ဂိုးနှစ်ဂိုးကြောင့်သာ အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းမှာ နှစ်ပွဲဆက်အနိုင်ရလဒ်ကြောင့် ခြေစစ်ပွဲအောင်ရန် အခြေအနေပိုကောင်းသွားခဲ့သည်။

တရုတ်(တိုင်ပေ)အသင်းကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းမှာ နှစ်နေရာကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဇွန်မိုးအောင်နှင့် အောင်ရှိုးသာမောင်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ မြန်မာအသင်းမှာ နိုင်ပွဲဆက်ရေး ကြိုးပမ်းခဲ့သော်လည်း ၃၃ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဟောင်ကောင်အသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကို ခွင့်ပြုခဲ့ရသည်။ နှစ်မိနစ်အကြာတွင် မြန်မာကွင်းလယ်ကစားသမား လှိုင်းဘိုဘို တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရ၍ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။

ဒုတိယပိုင်းတွင် တစ်ယောက်လျော့နေသည့် မြန်မာအသင်းမှာ ကစားကွက်ပျက်မသွားဘဲ ချေပဂိုးရရှိရန် ဟောင်ကောင်အသင်းဘက်သို့ ဆက်တိုက်ဖိကစားနိုင်ခဲ့သည်။ ယခုပွဲတွင် ပွဲထွက်ကစားခွင့်ရရှိခဲ့သည့် ဇွန်မိုးအောင်က ၅၄ မိနစ်တွင် ချေပဂိုးသွင်းပြီး ၆၃ မိနစ်တွင် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ကျန်ပွဲချိန်များတွင် မြန်မာအသင်းက ပွဲကိုထိန်းကစားသွားခဲ့ပြီး ဟောင်ကောင်အသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးများပြန်ရခဲ့သော်လည်း မြန်မာဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နိုင်ခဲ့သည်။

အုပ်စု(စ)၏ အခြားပွဲစဉ်တွင် ဩစတြေးလျအသင်းက တရုတ်(တိုင်ပေ)အသင်းကို လေးဂိုးပြတ်ဖြင့်အနိုင်ရရှိသွားသည်။ နှစ်ပွဲဆက်အနိုင်ရရှိခဲ့သော မြန်မာနှင့်ဩစတြေးလျအသင်းတို့မှာခြေစစ်ပွဲအောင်ရန် အခြေအနေကောင်းသွားခဲ့ပြီး တရုတ်(တိုင်ပေ)နှင့် ဟောင်ကောင်တို့မှာ ခြေစစ်ပွဲအဆင့်မှထွက်ခဲ့ရပြီဖြစ်သည်။ အုပ်စုတစ်ခုစီမှထိပ်ဆုံးအသင်းများနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရ ငါးသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အကောင်းဆုံးအုပ်စုဒုတိယနေရာဖြင့် ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ရှိနေသည်။



**ထွန်းထွန်းမင်း(မုဒုံသား)နှင့် ဖတ်မန်ခွန်(ထိုင်း)တို့ ဤသို့ရေကုန်ရေခန်းယှဉ်ပြိုင်ကြစဉ်။**

**❖ ရိုးရာလက်ဝှေ့**

ထောက်လက်သီးဒဏ်မခံနိုင်တော့ဘဲလဲကျပြီး ရဲသွေးနီအလဲထိုးအနိုင်ရခဲ့သည်။ ရွှေချစ်သွေး(တိုက်ဂါး)နှင့် အန်နွတ်မာလီဆန်ပွဲစဉ်တွင် ပထမအချီနှင့် ဒုတိယအချီတို့တွင် နှစ်ဦးလုံးလက်ရည်တူ ယှဉ်ပြိုင်ပြီးနောက်ပိုင်းတွင် နှစ်ဦးစလုံးသက်လုံကျလာသည်။ ပဥ္စမအချီ ၂ မိနစ် ၅ စက္ကန့်မှာပင် ရွှေချစ်သွေး၏ညာဝိုက်လက်သီး အန်နွတ်မာလီဆန်မေးရိုးထိပြီး ရွှေချစ်သွေးအနိုင်ရရှိသွားသည်။ မိုးဟိန်း(မိဂသီ)နှင့်ဆာရော့ဒန်စီ(ထိုင်း)တို့ပွဲစချင်းပင် မိုးဟိန်းချိုစောင်းတိုက်ချက် ဆာရော့ဒန်စီမေးရိုးထိပြီး အနားတောင်းလိုက်ရသည်။ ဒုတိယအချီပြန်အစတွင် မိုးဟိန်းဘယ်ညာဝိုက်လက်သီးများ တရစပ်ပစ်သွင်း၍ ဆာရော့ဒန်စီကို ဒုတိယအချီမှာပင် ပွဲသိမ်းပေးလိုက်သည်။

စောစီလုံ(ရွှေကုက္ကိုလ်)နှင့် ယွတ်သပွန်ဒန်စီ(ထိုင်း)တို့ပွဲတွင် နှစ်ဦးစလုံးအလဲအကွဲမရှိ သက်လုံကောင်းစွာလက်ရည်တူယှဉ်ပြိုင်ထိုးသတ်ပြီး ပဥ္စမအချီထိယှဉ်ပြိုင်သော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။ ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)နှင့် နာရွှန်ချိုင်(ထိုင်း)တို့ ပွဲစဉ်ဒုတိယအချီ ကြယ်စင်ဖြိုး၏ဘယ်ခြေကန်ချက် နာရွှန်ချိုင်လည်ကုပ်ထိပြီး လဲကျကာ အနားတောင်းလိုက်ရပြီး ဒုတိယအချီမှာပင် ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် ကြယ်စင်ဖြိုးအနိုင်ရလိုက်သည်။ သပြေညို(မိဂသီ)နှင့် ဖွန်လွှမ်(ထိုင်း)တို့ပွဲစဉ် တတိယအချီထိ ဖွန်လွှမ်၏ဘယ်ညာခြေကန်ချက်များကို သပြေညိုသတိထားပြီး ရှောင်တိမ်းနေရသည်။ စတုတ္ထအချီတွင် သပြေညို တရစပ်တိုက်စစ်ဆင်လာပြီး ဘယ်ညာဝိုက်လက်သီးများဒဏ် ဖွန်လွှမ်မခံနိုင်တော့ဘဲ စတုတ္ထအချီမှာပင် သပြေညိုအနိုင်ရလိုက်သည်။

နောက်ဆုံးပွဲစဉ်အဖြစ် ထွန်းထွန်းမင်း(မုဒုံသား)နှင့်ဖတ်မန်ခွန်(ခ)ဆူရာချိုင်(ထိုင်း)တို့ပွဲစဉ်စချင်းပင် ထွန်းထွန်းမင်း ဘယ်ညာခြေကန်ချက်များဖြင့် အကဲစမ်းလိုက်သည်နှင့် ဖတ်မန်ခွန် အမြင့်ကန်ချက်များတရစပ်ဝင်လာသည်။ တရစပ် ကန်လာသည့် ခြေကန်ချက်များကို ရှောင်တိမ်းရင်း ဒုတိယအချီတွင် ထွန်းထွန်းမင်း၏ညာဒူးတိုက်ချက် ဖတ်မန်ခွန်မေးစေ့ထိလဲကျပြီး အနားတောင်းရသည်။ ပြန်အစတွင် ထွန်းထွန်းမင်း၏ဘယ်ညာထောက်လက်သီးများကြောင့် ဖတ်မန်ခွန် မကြာခဏလဲကျနေသည်။ တတိယအချီတွင် ထွန်းထွန်းမင်း၏ခြေကန်ချက် ဖတ်မန်ခွန်တံကောက်ကွေးထိကာလဲကျပြီး ပြန်မထနိုင်သဖြင့် ထွန်းထွန်းမင်းပွဲချိုပြတ်အလဲထိုးအနိုင်ရရှိခဲ့သည်။

မြန်မာ-ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများမစတင်မီ မျိုးဆက်သစ်ပွဲလေးပွဲထည့်သွင်းကျင်းပခဲ့ရာ သိန်းစိုး(T&T)နှင့် နက္ခတ်အောင်(တောင်ကလေး)တို့ပွဲနှင့် ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)နှင့်မိုက်မိုက်(STL)တို့ပွဲများ သရေကျခဲ့ပြီး ဗိုလ်အောင်ဒင်(မိဂသီ)နှင့်စောလှဒတ်(မိဂသီ)တို့က အသီးသီးအနိုင်ရရှိခဲ့သည်။

## မော်တော်ယာဉ်များ စည်းကမ်းစနစ်တကျ ရပ်နားစေချင်

**တောင်ကြီး မတ် ၂၉**

တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းမပေါ်ရှိ စိန်မြန်မာထမင်းဆိုင်ရှေ့တွင် လမ်းမပေါ်တစ်ဝက်ထိရောက်ရှိအောင် ရပ်နားထားသော စည်းကမ်းမဲ့မော်တော်ယာဉ်တစ်စီးကို မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ယခုကဲ့သို့ တွေ့နေရသည်။ ယခုလို ရပ်နားထားခြင်းဖြင့် ယာဉ်တိုက်မှုများကြုံတွေ့လာနိုင်သည့်အပြင် မလိုလားအပ်ဘဲ ယာဉ်ကြောပိတ်ဆို့မှုများလည်း ဖြစ်လာစေနိုင်သည်။ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် တောင်ကြီးမြို့တွင်းတွင် မော်တော်ယာဉ်များ၊မော်တော်ဆိုင်ကယ်များစည်းကမ်းစနစ်တကျဖြင့်မောင်းနှင်အသုံးပြုကြပြီး စနစ်တကျရပ်နားမှုများလုပ်ဆောင်လာနိုင်ကြစေရေးအတွက် အချိန်ပြည့်ထိန်းသိမ်းကြပ်မတ်အရေးယူဆောင်ရွက်ရန် လိုအပ်လျက်ရှိနေကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။



**KZLM (တောင်ကြီး)**

# ဒန်နီအဲဗက်စ်နေရာတွင် အသင့်အစားထိုးနိုင်ရန် ဂလင်းဂျွန်ဆင်ကို ဘာစီလိုနာဆန္ဒရှိနေ



ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် နောက်ခံလူ ဒန်နီအဲဗက်စ်နေရာတွင် လီဗာပူးနောက်တန်းကစားသမား ဂလင်းဂျွန်ဆင်ကို အစားထိုးခေါ်ယူရန် ဘာစီလိုနာကပစ်မှတ်ထားလာခဲ့သည်။ ဘာစီလိုနာသည် အဲဗက်စ်နှင့် စာချုပ်သက်တမ်းတိုးရေးကို ယခုထိယတိပြတ်ဆွေးနွေးခြင်းမပြုရသေးပေ။ စပိန်မှလာသော သတင်းများအရ အကယ်၍ အဲဗက်စ်အနေဖြင့် ဘာစီလိုနာမှ ချုပ်ဆိုလာသောစာချုပ်သစ်ကို ငြင်းပယ်ခဲ့ပါက ၎င်း၏နေရာတွင် အဆင်သင့်အစားထိုးနိုင်ရန် အတွေ့အကြုံရင့်ကျက်သော လီဗာပူးတောင်ပံခံစစ်မှူးကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ဂလင်းဂျွန်ဆင်ကိုယ်တိုင်ကလည်း ယခုနှစ်နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် လီဗာပူးမှထွက်ခွာပြီး အခြားအင်္ဂလန်ပြင်ပအသင်းတစ်သင်းတွင် သွားရောက်ကစားလိုနေသည်။ ထို့ပြင် လီဗာပူးသည် အသင်းမှထွက်ခွာတော့မည့် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်နေရာ၌ မန်စီးတီးကွင်းလယ်ကစားသမား ဂျိမ်းစ်မေနာကို အစားထိုးရန် ကြိုးပမ်းနေသည်ဟု အင်္ဂလန်မီဒီယာများက ဖော်ပြသည်။ **(မေလှဲ့သင်း)**

## ဟယ်ရီကိန်းအား ဂိုးသွင်းယူနိုင်ရန် မိမိတိုက်တွန်းခဲ့သော်လည်း နှစ်ချက်ထိရုံမျှဖြင့် ဂိုးသွင်းယူနိုင်ခဲ့ခြင်းအပေါ် မယုံနိုင်အောင်ဖြစ်မိဟု ဝိန်းရွန်းနီဆို

အင်္ဂလန်အသင်းခေါင်းဆောင် ဝိန်းရွှန်းနီက ဟယ်ရီကိန်း၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ ၎င်းအနေဖြင့် အမှန်တကယ်စိတ်လှုပ်ရှားမိကြောင်းနှင့် အီတလီကို ရင်ဆိုင်ရမည့်ပွဲ၌ ဆာဘော်ဘီချာလ်တန်၏ သွင်းဂိုးကို လိုက်မီရန် စံချိန်နီးကပ်လာမှုနှင့်အတူ ခြားနားသောစိတ်လှုပ်ရှားမှုမျိုးပင်ဖြစ်သည်ဟု ဆိုခဲ့သည်။

ဝိန်းရွှန်းနီသည် လွန်ခဲ့သော (၁၂)နှစ်တာကာလ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ဝင်ဘလေကွင်း၌ ၎င်း၏ အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝကို စတင်ခဲ့သည်။ ယခုအခါ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းသည်လည်း ဝိန်းရွှန်းနီကဲ့သို့ပင် လက်ရွေးစင်ကစားသမားဘဝကို လစ်သူယေးနီးယားနှင့် ကစားသောပွဲ၌ စတင်ခဲ့ကာ ဝင်ရောက်ကစားခဲ့ပြီး ၇၉ စက္ကန့်အကြာမှာပင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရွှန်းနီက "သူ ဘယ်တောင်ပံရောက်လာတဲ့ ဘောလုံးကို သူ့ခြေထောက်မှာ နှစ်ချက်ထိရုံလောက်နဲ့ ဂိုးအဖြစ်ချက်ချင်းပြောင်းလဲနိုင်ခဲ့တယ်။ ဒါဟာ တကယ့်ကိုမယုံနိုင်စရာပါပဲ။ ခင်ဗျားတို့လည်း သူ့ရဲ့ခြေစွမ်းအတွက် စိတ်လှုပ်ရှားမိမှာပါပဲ။ သူ့ကိုယ်သူတောင် ဒီလောက်အချိန်လေးအတွင်း ဂိုးသွင်းနိုင်လိမ့်မယ်လို့ စဉ်းစားမိမှာမဟုတ်ပါဘူး။ ဟယ်ရီက ခေါင်းတိုက်တကယ်သေသပ်တဲ့ ကစားသမားဖြစ်ပြီး အခုဆိုသူ့ခြေထောက်ထဲ ဘောလုံးနှစ်ချက်ထိရုံနဲ့ ဂိုးသွင်းယူနိုင်တဲ့ ကစားသမားဆိုတဲ့ ဂုဏ်ပုဒ်ပါ ထပ်တိုးလာခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ဟယ်ရီကိန်း၏ လက်ရွေးစင်ကစားသမားဘဝအစမှာ ဂိုးပြတ်အနိုင်ဖြင့် အဖွင့်လှခဲ့သော်လည်း ရွှန်းနီသည် ၎င်း၏ လက်ရွေးစင်ကစားသမားဘဝကို အသက်(၁၇)နှစ်အရွယ်မှာပင် စတင်ခွင့်ရခဲ့သော်လည်း ယင်းပွဲတွင် ဩစတြေးလျအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ အဖွင့်မလှခဲ့ပေ။ သို့သော် အဆိုပါပွဲကစားပြီး နှစ်လအကြာတွင် ရွှန်းနီသည် တူရကီအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သောပွဲ၌ အထူးခြေစွမ်းပြကာ ၂၀၁၄ ခုနှစ် ဥရောပဖလားတွင် ဝင်ရောက်ကစားရန် ထိုက်တန်သော ခြေစွမ်းရှိကြောင်းပြသနိုင်ခဲ့သဖြင့် လာမည့် မတ် ၃၁ ရက်တွင် အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲမှာ ချစ်ကြည်ရေးခြေစွမ်းပွဲသာဖြစ်သော်လည်း ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား အုပ်စုအဆင့်၌ အီတလီအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ရေကုန်ရေခန်းကစားရန် ရွိုင်ဟော့ဂ်ဆန်က ၎င်း၏ ကစား သမားများကို တိုက်တွန်းထားသည်။

ထို့ပြင် ရွှန်းနီသည် အီတလီနှင့်ပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့ပါက ဆာဘော်ဘီချာလ်တန်၏ သွင်းဂိုးကို လိုက်မီရန် နှစ်ဂိုးသာလိုတော့ရာ စံချိန်သစ်ရရှိရန် အလားအလာကောင်းနေရာ ထိုပွဲကစားရန်အတွက် အထူးစိတ်လှုပ်ရှားမိသည်ဟု ဆိုခဲ့သည်။ **(မေလှဲ့သင်း)**



## မာချီစီယိုဒဏ်ရာရရှိခဲ့မှုအပေါ် အီတလီနည်းပြကွန်တီ အသက်အန္တရာယ်ခြိမ်းခြောက်ခံရ



ဂျူဗင်တပ်ကစားသမား မာချီစီယိုသည် လေ့ကျင့်ရေးကွင်း၌ ဒဏ်ရာရရှိခဲ့ရာ အသင်းပရိသတ်များက အဆိုပါကစားသမားဒဏ်ရာရရှိခဲ့ခြင်းမှာ နည်းပြကွန်တီ၏ လေ့ကျင့်ရေးစနစ်ကြောင့်ဖြစ်သည်ဟု ယုံကြည်နေသည်။ ထို့ကြောင့် ဒေါသထွက်နေသော ပရိသတ်များက ရာသီအကုန်အထိ အနားယူရတော့မည့် အဆိုပါကစားသမားအတွက် မခံမရပ်နိုင်ဖြစ်ကာ ကွန်တီအား အသက်အန္တရာယ်ခြိမ်းခြောက်မှုပြုလာခဲ့ခြင်းဖြစ်သည်။

အီတလီဆေးဘက်ဝန်ထမ်းများက မာချီစီယိုအနေဖြင့် ဒူးအရွတ်ကြောစုတ်ပြဲခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်ထိ အနားယူရမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

အီတလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တာဗီချီယိုက Radio Rai နှင့် တွေ့ဆုံရာတွင် "မနေ့က မာချီစီယိုလေ့ကျင့်ရေးကွင်းမှာ ဒဏ်ရာရလို့ ကွန်တီအနေနဲ့ အကြီးအကျယ်စိတ်ညစ်နေတာပါ။ ဒီမနက်ကျတော့ အင်တာနက်ကနေတစ်ဆင့် အသက်အန္တရာယ်ခြိမ်းခြောက်မှုကို သူခံခဲ့ရတယ်။ ဒါကြောင့် ကျွန်တော်ပြောချင်တာက သူဟာ ဘာအမှားမှလုပ်ခဲ့ခြင်းမရှိသလို အီတလီဘောလုံးအဖွဲ့ချုပ်အနေနဲ့လည်း သူ့ဘက်က ခိုင်ခိုင်မာမာရပ်တည်ချက်ရှိတယ်ဆိုတာ သူ့ကိုရော ပရိသတ်ကိုပါ ကျွန်တော်အသိပေးချင်ပါတယ်"ဟု ဆိုသည်။

ကွန်တီက မာချီစီယိုသည် ၎င်းဘာသာ သွေးပူလေ့ကျင့်ခန်းလုပ်နေစဉ်အတွင်းမှာပင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။ ဂျူဗင်တပ်အသင်းကမူ မာချီစီယိုအနေဖြင့် ဒူးအရွတ်ကြောစုတ်ပြဲခဲ့ခြင်းမဟုတ်ဟု ထုတ်ပြန်ခဲ့သည်။ အီတလီသည် လာမည့် မတ် ၃၁ ရက်တွင် အင်္ဂလန်အသင်းနှင့် တူရင်၌ ချစ်ကြည်ရေးခြေစမ်းပွဲကစားရမည်ဖြစ်ကာ လတ်တလောရလဒ်ပိုင်းတွင် သာမန်အောက်ရောက်ရှိနေသော အီတလီအနေဖြင့် မာချီစီယို၏ ဒဏ်ရာမှာ ခေါင်းခဲစရာ ဖြစ်ရပ်ဖြစ်လာခဲ့သည်။ **(မေလှဲ့သင်း)**

## အင်ဒိုနီးရှားနှင့် ခြေစမ်းပွဲအတွက် မြန်မာအသင်း လေ့ကျင့်ပြင်ဆင်

**ရန်ကုန် မတ် ၂၉**

မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲကစားရန်အတွက် မတ် ၂၈ ရက်က ထွက်ခွာသွားခဲ့ပြီး ယနေ့ နံနက်ပိုင်းမှစ၍ အင်ဒိုနီးရှားနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့သည် မတ် ၃၀ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ဆီဒိုရာဂျိုမြို့ရှိ Delta ကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။ ယင်းနှစ်သင်းစလုံးမှာ ဇွန်လတွင် စတင်ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန်ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် အသင်းများဖြစ်ပြီး အင်ဒိုနီးရှားအသင်းမှာ မြန်မာအသင်းနှင့်မတိုင်မီ ကင်မရွန်းအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် အေဗရာမိုဗစ်သည် ယခုခြေစမ်းပွဲအတွက် ဝါရင့်ကစားသမားများနှင့် မျက်နှာသစ်ကစားသမားများကို ပေါင်းစပ်ဖွဲ့စည်းထားကြောင်း သိရသည်။

ခြေစစ်ပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ ဆာကိုဗစ်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ဒီနို၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုး-ဗန်လားဟရွှယ်၊ ပြည့်ဖြိုးအောင်၊ နောက်တန်း ခင်မောင်လွင်၊ အောင်ဇော်၊ ဝင်းမင်းထွဋ်၊ ရဲဝင်းအောင်၊ သိန်းနိုင်ဦး၊ ဇော်လင်း၊ အလယ်တန်း ပြည်မိုး၊ ဆောင်လမန်၊ ဟိန်းဇာအောင်၊ ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်၊ နန္ဒလင်းကျော်ချစ်၊ ရန်အောင်ဝင်း၊ ကြည်လင်း၊ ရှေ့တန်း-ကျော်ကိုကို၊ စိုးမင်းနိုင်နှင့် ဇင်မင်းထွန်းတို့ ပါဝင်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ချစ်ကိုကို**



## ကလေးမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွား

**ကလေး မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာအုပ်စု ကျောင်းတိုက်ကျေးရွာနှင့် သဖန်းအိုင်ကျေးရွာ၊ သာစည်ကျေးရွာအုပ်စု ရှားတောကျေးရွာတို့တွင် မတ် ၂၈ ရက် ညနေ ၄ နာရီခန့်တွင်လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းတိုက်ကျေးရွာ စာသင်ကျောင်းနှင့် ဆရာမနေအိမ်၊ ဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်နှင့် ကားဂိုဒေါင်၊ သဖန်းအိုင်ကျေးရွာ စာသင်ကျောင်း၊ ရှားတောကျေးရွာ စာသင်ကျောင်းနှင့် လူနေအိမ်တို့တွင် သွပ်မိုးများလန်၍ ပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးမှုအခြေအနေများကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက ကျေးရွာရပ်မိရပ်ဖများနှင့်အတူ မတ် ၂၉ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပျက်စီးသွားသည့် စာသင်ကျောင်းများကို



အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ကြရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၅၄ သိန်းကျော်ရှိပြီး လူနှင့်တိရစ္ဆာန်သေဆုံးမှုမရှိကြောင်း သိရသည်။

**ဂျူးနက်**

## စူပါကာစတန်ယာဉ်မှ လိုက်ထရပ်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်မိ၍ သေဆုံး၊ ဒဏ်ရာရ

**နေပြည်တော် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၇၄/၁-၂)ကြားတွင် မတ် ၂၈ ရက် ညနေ ၃ နာရီ မိနစ် ၅၀ က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နေ ဒေါ်နီလာထွန်း (၄၃)နှစ် မောင်းနှင်လာသော 8J/---စူပါကာစတန်အဖြူရောင်ယာဉ်သည် ရှေ့မှ မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက်နေ ဦးမင်းစိုး (၄၈)နှစ် မောင်းနှင်သည့် 6E/----လိုက်ထရပ်အဖြူရောင်ယာဉ်၏ ဝဲဘက်ခြမ်းကို အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်မိခဲ့သဖြင့် လိုက်ထရပ်ယာဉ်မှာ လမ်းယာဘက်ဘေးရှိ အလူမီနီယံတန်းအားတိုက်မိကာ လမ်းဘေးမြေသား



လမ်းပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့ပြီး စူပါကာစတန်ယာဉ်မှာ လမ်းလယ်ကျွန်းအား ကျော်တက်ပြီး တစ်ဖက်ယာဉ်ကြော မြေသားလမ်းဘေးရှိ မြောင်းထဲသို့ ထိုးကျရပ်တန့်ခဲ့ကြောင်း သိရသည်။ ထိုသို့တိုက်မိတိမ်းမှောက်မှုကြောင့် လိုက်ထရပ်ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် အမျိုးသားတစ်ဦး၊ အမျိုးသမီး တစ်ဦး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး စူပါကာစတန် ယာဉ်မောင်း ဒေါ်နီလာထွန်း၊ လိုက်ထရပ်ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ယာဉ်မောင်း ဦးမင်းစိုး၊ မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက်နေ ဒေါ်ထားရီ(၅၂)နှစ်ပါ ၂၂ ဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ပြီး ဒေါ်နီလာထွန်းအား သာဂရ အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသူများအနက် ဒေါ်ဝင်းကြည်မှာ ရရှိသောဒဏ်ရာများဖြစ့် မတ် ၂၉ ရက် နံနက် ၁၂ နာရီခွဲတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မီးလောင်မှုဖြစ်ပွား ညောင်ပင်သာဘုန်းတော်ကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိ

**ရန်ကုန် မတ် ၂၉**

ယနေ့ နံနက် ၁ နာရီ မိနစ် ၅၀ တွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မင်းစေတီလမ်း ရွှေဇီးကွက်လမ်းသွယ် အမှတ်(၆၄၄)အိမ်ရှင် ဦးမြသိန်း၏ သွပ်မိုး၊ အုတ်ကာ နှစ်ထပ်အိမ်မှစတင်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အမှတ်(၆၄၄)အိမ်ရှင် ဦးမြသိန်းအိမ်မှ မုန့်ဟင်းခါးချက်ရန် ငါးဆီသတ်ရာတွင် ထင်းမီးအဆမတန်ထည့်၍ အသုံးပြုသဖြင့် ဆီဒယ်အိုးထဲသို့ မီးကူးစက်ရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ဦးမြသိန်း၏ နေအိမ်တစ်လုံး အပါအဝင် နေအိမ်ငါးလုံးနှင့် နေအိမ်တစ်ခြမ်း မီးလောင်ပြီး မီးလောင်ကျွမ်းမှုကြောင့် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၈၅၀၀၀၀၀ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းရာသို့ မြို့နယ်အသီးသီးမှ စုစုပေါင်း မီးသတ်ယာဉ် အစီး ၂၀၊ တိုင်းကြက်ခြေနီမှ လူနာတင်ယာဉ် ငါးစီး၊ ကွပ်ကဲမှုယာဉ် နှစ်စီး၊ အမှတ်(၂)တိုင်းဒေသကြီး ပြည်နယ်မီးသတ်ဦးစီးရုံးများကွပ်ကဲမှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ကွပ်ကဲမှုဖြင့် မီးသတ်သန္နေတပ်ဖွဲ့ဝင် ၁၂၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၄ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၇၅ ဦးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အိမ်ထောင်စု ကိုးစု လူဦးရေ စုစုပေါင်း ၄၂ ဦးတို့ကို ဘုရင့်နောင်လမ်းမကြီး ရွာမအနောက်ရပ်ကွက် ညောင်ပင်သာဘုန်းတော်ကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## အရှိန်မထိန်းနိုင်သောယာဉ် လမ်းလယ်ကျွန်းပေါ်တွင် ပက်လက်လန်တိမ်းမှောက်

**နေပြည်တော် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၈၄/၂-၃) ကြားတွင် မတ် ၂၈ ရက် နံနက် ၁၀ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်ဘက်သို့ ရခိုင်ပြည်နယ် စစ်တွေမြို့ ကန်တော်ကြီးရပ်နေ ထူးခန့်လွင်(၂၁) နှစ် မောင်းနှင်လာသော RLG\---ပါဂျဲရိုးမီးခိုးရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိပြီး ပက်လက်လန် တိမ်းမှောက်ခဲ့ကြောင်းသိရသည်။

ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် စစ်ကိုင်း တိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာ ဓမ္မာရုံကျောင်းတိုက်နေ ဦးပညာဇောတ သက်တော်(၆၆)နှစ်နှင့် ရွှေပန်းကုံးကျေးရွာနေ ဦးစိန်လှဝင်း (၃၇)နှစ်တို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် ဆွာ တိုက်နယ်ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ထူးခန့်လွင်အား သာဂရ အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**






## ဟသ်ာတမြို့တွင် မြေတူးရာမှ စစ်ကျန်ဗုံးဆန်နှစ်လုံးတွေ့ရှိ

**ဟသ်ာတ မတ် ၂၉**

ဟသ်ာတမြို့ ကနောင်စုရပ်ကွက် မီးရထားစက်ခေါင်းရုံဝင်းအတွင်းရှိ အမှတ် (၄၁) အခြေခံပညာမူလတန်းကျောင်းဆောင် ဆောက်လုပ်ရန် မြေတူးရာမှ ဒုတိယကမ္ဘာစစ်အတွင်း နစ်မြုပ်ခဲ့သည်ဟုယူဆရသည့် ဗုံးဆန်နှစ်လုံးတွေ့ရှိသဖြင့် မတ်၂၉ ရက် ညနေ ၅ နာရီက မြန်မာ့မီးရထားရဲစခန်းသို့ လာရောက်အပ်နှံသည်။

ဖြစ်စဉ်မှာ ကျောင်းဆောင်ဆောက်လုပ်ရန် မြေတူးသမား ဦးလှရွှေ အသက် (၅၆)နှစ် မြေတူးနေစဉ် အလျား ၁၂လက်မခန့်၊ လုံးပတ် ၁၀ လက်မခန့်ရှိ ဗုံးဆန်တစ်လုံးနှင့် အလျား ၁၃ လက်မ၊ လုံးပတ် ၁၀လက်မခန့်ရှိ ဗုံးဆန်တစ်လုံး စုစုပေါင်းနှစ်လုံးကို တွေ့ရှိသဖြင့် သက်ဆိုင်ရာနယ်မြေ မီးရထားရဲစခန်းသို့ လာရောက်အပ်နှံခြင်းဖြစ်သည်။

အဆိုပါဗုံးနှစ်လုံးကို ဟသ်ာတမြို့နယ် မြေခံခလရ (၁၈) နတ်မော်တပ်သို့ အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် စက်ဘီးတင်ယာဉ်မီးလောင်

**ပဲခူး မတ် ၂၉**

ပဲခူးမြို့နယ် မြို့မရဲစခန်းအပိုင် ကလိကျေးရွာအနီး ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၅၂/၅)နှင့် (၅၂/၆) ကြားတွင် မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ပဲခူးဘက်မှ တောင်ငူဘက်သို့ စက်ဘီးများ သယ်ဆောင်လာသည့် ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် 9E/----လိုက်ထရပ်အဖြူရောင် ယာဉ်သည် ခေါင်းခန်းအတွင်း အပူလွန်ကဲပြီး ဝါယာရှော့ဖြစ်ကာ ယာဉ်ခေါင်းခန်းနှင့် သယ်ဆောင်လာသောစက်ဘီးများ မီးလောင်ကျွမ်းခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့သည်။ မီးလောင်ရာသို့ ပဲခူးမြို့မရဲစခန်း စခန်းမှူးအဖွဲ့နှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်မြင့်နှင့်အဖွဲ့မှ မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။ သို့ဖြစ်၍ ယာဉ်မောင်းအား ပဲခူးမြို့ မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ကြေးမုံ)**



mitv
MYANMAR INTERNATIONAL
Programme Schedule
(30-3-2015) (Monday)

-Fortune of Toys
-Myanmar Puppet
-News
-The Man and The Elephant (Part- I)
-The Man and The Elephant (Part- II)
-Wholesale Fish
-Culture Shows: Theatrical Art
-All About Orchids
-Amazing: U Nyein Chan Aung
-News
-Shwe Maw Daw: The Glory Of Bago City
-Reflected Glory
-A Dream A Destination (HpaAn)
-Singapore-Myanmar Bilateral Ties

# ဆရာဝန်သစ်လွင်များအား နိုင်ငံ့ဝန်ထမ်းခန့်အပ်လွှာများ ပေးအပ်

**မြစ်ကြီးနား မတ် ၂၉**

ကချင်ပြည်နယ်အတွင်း လစ်လပ်လျက်ရှိသော မြို့နယ်များတွင် အသစ်ခန့်အပ်မည့် ဆရာဝန်သစ်လွင် ၄၅ ဦးတို့အား နိုင်ငံ့ဝန်ထမ်း ခန့်အပ်လွှာများပေးအပ်ပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနောင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းခန့်အပ်လွှာ ပေးအပ်ပွဲ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အတွင်း ဆရာဝန်လစ်လပ်လျက်ရှိသော မြို့နယ်များတွင် ပြည်နယ်အစိုးရအဖွဲ့မှ ဆရာဝန်များတိုက်ရိုက်ခန့်ထားနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ဝင်းသက်က ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စား ပြောကြားခဲ့ပြီး မြစ်ကြီးနား အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံက ဆရာဝန်များ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆရာဝန်သစ်လွင်များကို ကချင်ပြည်နယ်အတွင်း ဆော့လော်၊ အင်ဂျန်းယန်၊ ဆွမ်ပရာဘွမ်၊ နောင်မွန်း၊ ခေါင်လန်ဖူး၊ မူလာရှီးဒီ၊ မြို့လှ၊ ပန်နန်းဒင်မြို့များ အပါအဝင် လက်ထောက်ဆရာဝန် လစ်လပ်လျက်ရှိသော မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများအတွက် လျှောက်လွှာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူဆရာဝန် ၇၃ ဦး အနက်မှ ၄၅ ဦးတို့အား ပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်နိုင်ခဲ့ခြင်းဖြစ်သည်။ **ပြည်နယ်ပြန်/ဆက်**

# ပီလောပီနံ ဖွံ့ဖြိုးတိုးတက်လာစေရေးအလုပ်ရုံ ဆွေးနွေးပွဲ ပုသိမ်၌ကျင်းပ

**ပုသိမ် မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ဟိုတယ်တွင် ၂၀၁၅ မတ် ၂၆ ရက် နံနက် ၉ နာရီက ပီလောပီနံဖွံ့ဖြိုးတိုးတက်လာစေရေး အလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကြီးမှူး၍ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ စိမ့်ကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အစိုးရအဖွဲ့ ဝန်ကြီးများနှင့် တိုင်း၊ ခရိုင်ဌာနဆိုင်ရာများ၊ ဖိတ် ကြားထားသည့် မြို့နယ်များမှ တောင်ယာစိုက်ပျိုးသူ များတက်ရောက်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး စိမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်က အမှာစကား ပြောကြားရာတွင် ပီလောပီနံ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ နေပြည်တော်တွင် စတုတ္ထအကြိမ် ကမ္ဘာ့နိုင်ငံများနှင့် ညီလာခံကို ကျင်းပနိုင်ခဲ့သည်။

ယင်းဆွေးနွေးပွဲ၌ နည်းပညာသစ်များဖြင့် ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း ကုန်သွယ်မှု မြှင့်တင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးစိုးအောင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် စိုက်ပျိုးထုပ်လုပ်သူများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့ရှိ ပီလောပီနံ အသင်းဥက္ကဋ္ဌ ဦးကျော်သူရက လုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ပူးပေါင်းဆောင်ရွက်လျှင် အောင်မြင်နိုင်ကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။ **မြင့်ဟန် (ပြန်/ဆက်)**

# ငါန်းဇွန်မြို့နယ်၌ CP ပြောင်းနှင့် ကြက်ဆူ(အရိုင်း)များ မိုးမိ၍ဆုံးရှုံး

**မြင်းမူ မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရေလယ်သောင်(အရှေ့)ရွာ၌ အချိန်အခါမဟုတ်မိုး၊ လေကျရောက်ခြင်းကြောင့် စိုက်ပျိုးသူ တောင်သူများအတွက် CP ပြောင်းနှင့် ကြက်ဆူ (အရိုင်း)များ၊ ပဲမျိုးစုံများ မိုးမိ၍ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရကြောင်း ယင်းဒေသမှ တောင်သူများက ပြောသည်။

“ကျွန်တော်တို့ CP ပြောင်းချိုးယူပြီးပြီ။ တချို့က မချိုးသေးဘူး တပေါင်းလထဲက သုံးတင်းဝင်အိတ်တစ်လုံးကို ကျပ် ၂၀၅၀၀ နဲ့ ရောင်းခဲ့ရတယ်။ အခု ကျပ် ၂၀၂၀၀ ပဲရှိတော့တယ်။ ကြက်ဆူကတော့ သုံးတင်းဝင်အိတ်တစ်လုံးကို ကျပ် ၃၀၀၀၀၊ ၃၀၅၀၀ ရောင်းချရတယ်” ဟု ကြက်ဆူနှင့် CP ပြောင်း စိုက်ပျိုးသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် မတ် ၂၅ ရက် ညပိုင်းက ဆိုင်းမဆင့်ဗုံမဆင့် လေရောမိုးပါ ပါလာပြီး မိုးရွာသွန်းခဲ့မှုကြောင့် တောင်သူများ၏ တလင်းပြင်တွင် စုပုံထားသည့်ပဲမျိုးစုံ-CPပြောင်း၊ ကြက်ဆူစေ့များ မိုးမိကုန်၍ ပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရသည်။



“ပဲမျိုးစုံရိတ်သိမ်းစဉ်က လှည်းပေါ် ဖိသိပ်တင်လာခဲ့လို့ မိုးမိတဲ့အခါ ပဲတောင့်တွေက အက်ကွဲတဲ့အထဲ မိုးရေတွေ ဝင်ခဲ့ပါတယ်။ ပဲစေ့တွေက ပွတာ၊ ပဲစေ့အဖြူရောင်မှ အဝါရောင်၊ပဲစေ့အနီမှ အညိုရောင်ဘက်သန်းသွားပါတယ်။ CP ပြောင်းစေ့ ခြွေပြီးသားတွေလည်း အဝါရောင်မှ အပြာဘက် သန်းသွားပါတယ်။ မိုးမိသွားတဲ့အတွက် ရောင်းတဲ့အခါ ဈေးနှိမ်ခံရတော့မှာပါ” ဟု စိုက်ပျိုးသူတစ်ဦးက ပြောသည်။ **(ဖ၂၄)**

# ဝန်ထမ်းလစာတိုးသော်လည်း ကုန်ဈေးနှုန်းအတက်အကျ သိသိသာသာ ပြောင်းလဲမှုမရှိ

**ရေး မတ် ၂၉**

နိုင်ငံတော်အစိုးအရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ လစာတိုးပေးလိုက်သော်လည်း ကုန်ဈေးနှုန်းများမှာ သိသိသာသာမြင့်တက်လာခြင်းမရှိသည့်အပြင် အတာသင်္ကြန်ကာလ နီးကပ်လာသဖြင့် ကုန်စည်များမှာ ပိုမိုအရောင်းသွက်လာပြီး အရောင်းအဝယ်လည်း အားကောင်းလာကြောင်း အရောင်းအဝယ်ပြုလုပ်သူများက ပြောကြသည်။

လက်ရှိအချိန်တွင် အချို့သော စားသောက်ကုန်များကုန်ဈေးနှုန်းအနည်းငယ် တက်ခဲ့သော်လည်း ထိုသို့ ဈေးတက်ခြင်းမှာ ဝန်ထမ်းလစာတိုးပေး၍ ကုန်ဈေးနှုန်းများ တက်ခြင်းမဟုတ်ဘဲ သင်္ကြန်ကာလနီးကပ်လာသဖြင့် ကုန်များ ဝယ်လိုအား များခြင်းကြောင့် ဖြစ်ကြောင်းနှင့် ဝန်ထမ်းလစာမတိုးခင် ကတည်းကပင် ဆန်ဈေးအနည်းငယ်တက်နေပြီး အခြားစားသောက်ကုန်များနှင့် ရွှေဈေးမှာလည်း ဝယ်ယူသိုလှောင်ထားကြသူများ၏ဝယ်လိုအားကြောင့် ဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်နေသည်။

**ထွန်းထွန်း(ရေး)**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (09-794555999,09-976289888)
လှိုင်၊ အုတ်ကျင်းဘုတာရုံလမ်း၊ အဆောင်မြင့် Condo (အင်းစိန်လမ်းမအနီး),(1875 sqft),MB(3)ခန်း,AC(5), Water-Heater, Lift,ကားပါကင်,အဆင့်မြင့်ပြင်ဆင်ပြီး
ဈေးနှုန်း = 2650 သိန်း
လှိုင်သာယာ၊ ရွှေကမ်းသာယာအိမ်ရာ (25' x 75')၊ ပါမစ်မြေ ဝင်ပေါက်မှန်ဦးအနီး
ဈေးနှုန်း = 650 သိန်း
အရစ်ကျငွေပေးချေမှု စနစ်ဖြင့်လည်းညှိနှိုင်းနိုင်သည်။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

Golden Crown
Engineering Training Center
City & Guilds
Mechanical, Electrical & Electronic, Civil
City & Guilds မှအသစ်ပြဋ္ဌာန်းလိုက်သော New Syllabus ဖြင့် သင်ကြားမည်။
“တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ လုပ်ငန်းခွင်သို့ဝင်ရောက်နေပြီးနိုင်ငံတကာ အသိအမှတ်ပြုဒီပလိုမာရလိုသူများ AGTI,B.Tech, B.E အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်”
April 1 ရက်မှ 4 ရက်နေ့အတွင်း သင်တန်းအပ်နှံသူများအား 25% Discount
အမှတ်(၁၅၀)၊တတိယထပ်၊ဆိပ်ကမ်းသာ(အောက်)၊ကျောက်တံတား
Ph- 01 373030. 09 73234992
တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံပြီ။




TRADEMARK CAUTION
Mestra AG of Kaegenstrasse 2, CH-4153 Reinach, Switzerland is the Owner and Sole Proprietor of the following trademarks:
EH
(Reg. No. IV/1196/2015)
ENDRESS+HAUSER
(Reg. No. IV/1197/2015)
PEOPLE FOR PROCESS AUTOMATION
(Reg. No. IV/1198/2015)
used in respect of – Classes 9, 37, 39 and 42.
Fraudulent imitation or unauthorized use or any other infringement whatsoever of these trademarks will be dealt with according to law.
Htain Lin Oo LL.B Advocate
MYANMAR TRADEMARK AND PATENT LAW FIRM
E-mail: mtpip@mptmail.net.mm
Tel:376318 G.P.O Box:666, Yangon, Myanmar.

**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ဤအကြိမ်တွင် ကြိုင်သည် ဒေါသကို မထိန်းသိမ်းနိုင်ဟန် ကိုကို့ကို တစ်စုံတစ်ခုပြုလုပ်ရန် တစ်ဖက်ခြံမှ ကူးလာရန်ပြင်သည်။

သို့ရာတွင် " အို . . . မမကလည်း သိပ်ဒေါသကြီးတာပဲ" ဟု တားမြစ်သံကြားသည်။ ကျွန်တော်လည်း ယခုမှ ကြိုင့်နောက်ပါးမှ မြိုင်ကို သတိပြုမိသည်။ မြိုင်က ကြိုင့်ကို ဆွဲထား၏။

မြိုင် ဆွဲထားသဖြင့် ပိုဒေါသထွက်လာသည်။ အသံကလေးများမှာလည်း တုန်ယင်လာ၏။

" ရှင် . . . ရှင် သိပ်လူပါးဝတယ်။ လူကြီးလူကောင်းသားသမီးဖြစ်ပြီး . . . နှမချင်းမစာဘူး "

ကြိုင်သည် ဆွေ့ဆွေ့ခုန်နေသည်။ နောက်ဆုံးစကားရပ်များ၌ ဒေါသသံနှင့် ငိုသံရောနေ၏။ လရောင်တွင် ကြိုင့်မျက်လုံးများ၌ လက်နေသော မျက်ရည်များကိုလည်း မြင်ရသည်။ ဘာကြောင့်မသိ၊ ကိုကို၏ ဟန်အမူအယာသည် လျော့ကျသွားသည်။ အသံမှာလည်း ပျော့ပျောင်းသွားသည်။

" ခင်ဗျား ကျုပ်ကို ဒီလောက်ပြောရရင် စိတ်ကျေဖို့ သင့်ပြီထင်တယ်၊ ခင်ဗျား စိတ်မကျေနပ်သေးဘူးဆိုရင် စောစောတုန်းက ခင်ဗျားကြားခဲ့ရတဲ့စကားကို ခင်ဗျား တမင်ကြားပါစေလို့ ရည်ရွယ်ပြီးပြောတာမဟုတ်ဘူး ဆိုတာလောက်တော့ . . . ကျုပ်တောင်းပန်နိုင်တယ်" ကိုကိုက အေးချမ်းတည်ငြိမ်စွာဖြင့် ပြောနေသည်။ ကြိုင်သည် ဘာမျှပြန်မဖြေဘဲ အံလေးကိုခဲ၍ စိုက်ကြည့်နေသည်။ ကိုကိုကသာ ဆက်ပြော၏။

"လူကြီးလူကောင်းသားသမီးဖြစ်ပြီး ဆိုတဲ့စကားနဲ့ . . . ကျုပ်ကြောင့် ခင်ဗျားကျုပ်မိဘကို သွယ်ဝိုက်အပြစ်တင်တာအတွက်တော့ ကျုပ်ဝမ်းနည်းမိတယ်။ နှမချင်းမစာမှုအတွက်တော့ ရှင်းပါရစေ။ ကျုပ် နှမချင်းအားကြီးစာတတ်တယ်။ ကျောင်းတုန်းက ခင်ဗျားကို ဝေဖန်မိတာလည်း နှမချင်းစာနာလွန်းလို့ပဲ။

ကျုပ်စေတနာဟာ . . . ခင်ဗျားတို့အတွက် ဝေဒနာဖြစ်ရတာတော့ ကျုပ်စိတ်မကောင်းဘူး . . . " ကိုကို့အသံမှာ လေးနက်ကြည်လင်သမျှ ကိုယ်ဟန်အမူအယာမှာ ခန့်ညားနေ၏။

ကျွန်တော်က ကြိုင် ဘာပြန်ပြောဦးမည်နည်းဟု နားထောင်မိသည်။ သို့ရာတွင် ကြိုင်က ဘာမျှမပြော။ ခေတ္တတွေဝေငိုင်ကြည့်နေပြီးနောက် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ထွက်ပြေးသွားသည်။

မြိုင်ကမူ ရပ်ကျန်ရစ်ပြီး ကိုကို့ကို စိုက်ကြည့်နေသည်။ ကိုကိုက မျက်မှောင်ကြုတ်ပြီး မြိုင့်အားလှမ်းကြည့်သည်။ ထိုအခါ မြိုင်သည် အသာအယာပြုံးပြီး စကားဆိုသည်။

"ကိုကို့ကို မြိုင် သိပ်အားနာတာပဲ၊ မမကြိုင်ကလေ သိပ်ဒေါသကြီးတတ်တာ။ မမကြိုင်ကို စိတ်မဆိုးနဲ့နော် "

ကိုကို့မျက်နှာ၌ ကြည်လင်သောအပြုံးရိပ် ပြန်ပေါ်လာသည်။ မြိုင့်ကို စကားပြန်ဆိုသော ကိုကို့အသံ၌ ကြင်နာမှုဖြင့် ပြည့်ဝနေသည်။

"ကြိုင့်ကို ကိုကို စိတ်မဆိုးပါဘူး၊ ကိုကိုကလည်း နည်းနည်းလွန်သွားတယ် . . . "

ကိုကိုသည် ဘာကိုသဘောကျသည်မသိ၊ တစ်ချက်ရယ်လိုက်မိသည်။

"ဟုတ်တယ်၊ ကိုကို လွန်သွားတယ်၊ အမှန်က ဟောဒီ မောင် အမေးအမြန်းထူတာနဲ့ ကိုကို့ပါးစပ်ထဲ တွေ့ကရာလျှောက်ပြောလိုက်တာ ကြိုင့်ကို စော်ကားသလိုဖြစ်သွားတာပေါ့၊ အင်းလေ၊ ကိုကိုက တောင်းပန် လိုက်တယ်ဆိုတာ ကြိုင့်ကိုပြောပြလိုက်ပါ "

"အို . . . ကိုကိုက တမင်ပြောတာမှ မဟုတ်ဘဲ၊ မြိုင်လည်း ကြားတာပဲ၊ ဆိုရှယ်တက်တာဟာ မကောင်းဘူးလို့ သတင်းစာနဲ့ မဂ္ဂဇင်းတွေမှာ မြိုင် ဖတ်ဖူးတယ်၊ ဘာလို့ မကောင်းတာလဲ ကိုကို "

ကိုကို အခက်တွေ့ပြီ ထင်သည်။ စောစောက ကျွန်တော်က အမေးအမြန်းထူသည်။ ယခု မြိုင်က လာပြန်ချေပြီ။ ခိုင်လာလျှင် ပိုခက်လိမ့်မည်။ ကျွန်တော် ဤသို့အောက်မေ့နေဆဲ မိခိုင် ပေါ်ဖြစ်အောင်ပေါ်လာသည်။

"မောင်ရေ . . . မမကြိုင် ငိုနေတယ်တော့ . . . ငိုနေတယ်၊ ဘာဖြစ်လို့လဲ မသိဘူး "

ဤသို့အော်ရင်း ခိုင်သည် ကျွန်တော်တို့အနီးသို့ ကပ်လာသည်။ မြိုင်က " မိခိုင် ဘာလို့အော်နေတာလဲ တိုးတိုး" ဟု မြစ်တားသည်။ ခိုင်သည် လေသံကိုတော့ တိုးလိုက်သည်။ မကျေနပ်ဟန် ဆက်၍မေးသည်။

"မောင် . . . မမကြိုင်က ဘာဖြစ်လို့ ငိုသွားတာလဲ"

"ငိုသွားတာပေါ့၊ သူ့ကို တို့ကိုကိုကဆုံးမလွှတ်လိုက်လို့"

"ဘာဖြစ်လို့ ဆုံးမလွှတ်လိုက်တာလဲ"

"ဆိုရှယ်တက်လို့တဲ့ . . . "

မြိုင်က ရယ်သော်လည်း ကိုကိုက ကျွန်တော့်ကို လှမ်းမာန်သည်။

"မောင်ကလည်း ဘာတွေလျှောက်ပြောနေတာလဲ . . . တော်တော့ "

ကျွန်တော်က ပါးစပ်လေး ပိတ်လိုက်သည်။ ခိုင်ကမူ သူ့မျက်လုံး ပြူးပြူးကြည်ကြည်လေးများဖြင့် ကိုကို့ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ထို့နောက် အံ့ဖွယ်ကောင်းသောစကားကို ဆိုသည်။

"မောင့်ကိုကိုက အရပ်အရှည်ကြီးပဲ၊ အတော်ပဲ လသာတယ်၊ ထုပ်ဆီးထိုးတမ်း ကစားကြရအောင်"

"ဘယ် တို့နှစ်ယောက်တည်း ဘယ်ကစားလို့ဖြစ်မလဲ "

"လေးယောက်တောင် ရှိသားပဲ၊ မောင်နဲ့ မမမြိုင်က တစ်ဖက်နေ၊ ခိုင်နဲ့ ပြီးတော့ . . . "

ခိုင်သည် စကားကို ဆုံးအောင်မပြောဘဲ ကိုကို့ဆီသို့ မျက်စပစ်ပြသည်။

ကိုကိုသည် နှစ်နှစ်ခြိုက်ခြိုက်ရယ်သည်။ မြိုင်ကမူ . . . "တယ် . . . ဒီကောင်မလေးကလဲ "ဟု ဆို၍ ခိုင့်ခေါင်းကို လှမ်းပုတ်သည်။

ကျွန်တော့်စိတ်ထဲ၌လည်း ပျော်လာသည်။ အကြံတစ်ခုလည်းရ၍ ပြောပြမိသည်။

"ဒီလိုလုပ်မယ်၊ ပီယာနို သွားတီးကြရအောင်၊ ကိုကို့ကို မောင် ဒီတစ်ခေါက် ဘာမှ မတီးပြရသေးဘူးနော်၊ မောင် ချစ်သမျှကို တီးတတ်ပြီ။ ခိုင် မောင့်ကိုကိုလည်း ပီယာနိုတီးတတ်တယ်၊ကိုကိုလည်းတီးပြရမယ်၊ နော် . . လာ . . လာ"

ကျွန်တော်က ကိုကို့ကို ဆွဲသည်။ ခိုင်က မြိုင့်ကို ဆွဲခေါ်သည်။ နောက်ဆုံးတော့ ကျွန်တော်တို့ လေးဦးစလုံး ပီယာနိုဘေးသို့ ရောက်လာကြသည်။

ကျွန်တော်က ချစ်သမျှကိုပတ်ပျိုး တီးပေးသည်။ အခြားဆိုတတ်သူ မရှိသဖြင့် ကိုကိုပင် လိုက်ဆိုပေးရသည်။ ထို့နောက် ခိုင်ကလည်း ကျွန်တော် တက်ပေးထားသဖြင့် ရနေသော သီတာကြိုးကို တီးပြသည်။

ကိုကို့အလှည့်ရောက်သောအခါ ကိုကိုက မြိုင့်ကို လှမ်းမေးသည်။

" မြိုင် သီချင်းဆိုတတ်သလား . . . "

မြိုင်သည် ရှက်ပြုံးလေးဖြင့် ပြန်ဖြေသည်။

"ဟင့်အင်း . . . မြိုင် သီချင်းမဆိုတတ်ဘူး . . . "

ကိုကိုသည် ဘာမျှပြန်မပြောတော့ဘဲ . . . ပီယာနိုခုံ၌ ဝင်ထိုင်သည်။

"ကဲ . . . မောင် . . . ကိုကို ဘာတီးရမလဲ . . . "

"ဟိုသီချင်းလေ . . . ဟိုနေ့က ကားပေါ်မှာ ကိုကိုဆိုတဲ့ သီချင်းဟာ . . . ။ ဖေဖေ တီးတာတော့ မောင်ကြားဖူးတယ်။ မောင် လိုက်ဆိုတတ်တယ်။ မတီးတတ်သေးဘူး။ ကိုကိုတီး၊ မောင်ဆိုမယ် "

ကိုကိုသည် ထိုအချိန်က တိမ်မြုပ်နေ၍ ခေတ်ပြန်မစားသေးသော မြိုင်ထတစ်ပုဒ်ကို တီးသည်။

ကျွန်တော်ကလည်း ကောင်းစွာမပိုင်သော်လည်း တတ်နိုင်သမျှ လိုက်ဆိုသည်။ ကျွန်တော်အကြိုက်ဆုံးအပိုဒ်မှာ တစ်နေ့က ကိုကို ဆိုပြသည့်အတိုင်းပင် ဖြစ်သည်။ ဤနေရာ၌ အတီးက ဆတ်၍အသွားက မြူးသည်။

ကျွန်တော်ကလည်း မြူးမြူးရွှင်ရွှင်ပင် ဆို၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**စစ်တက္ကသိုလ်**

**ဗိုလ်လောင်းသင်တန်းအမှတ်စဥ်(၂၃) (၂၄) (၂၅) (၂၆) (၂၇) (၂၈) (၂၉) (၃၀) (၃၁) (၃၂) (၃၃) (၃၄) (၃၅) (၃၆) (၃၇) တို့မှ တပည့်များ၏အာစရိယပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ**

စစ်တက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဥ်(၂၃) (၂၄) (၂၅) (၂၆) (၂၇) (၂၈) (၂၉) (၃၀) (၃၁) (၃၂) (၃၃) (၃၄) (၃၅) (၃၆)(၃၇)တို့တွင်ပညာသင်ကြားခဲ့သော သင်တန်းသားတပည့်များမှ မိမိတို့အားပညာ သင်ကြားပေးခဲ့ကြသောဆရာကြီး/ဆရာမကြီးများအားရှိခိုးပူဇော်ကန်တော့ပွဲကိုအောက်ပါ အစီအစဥ်များအတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ကန်တော့ခံဆရာကြီး/ဆရာမကြီးများထံသို့ ဖိတ်စာများပေးပို့ထားပြီး ဖြစ်ပါသည်။ ဆရာကြီး/ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ/မရသည်ဖြစ်စေ အခမ်းအနားသို့ကြွရောက် ချီးမြှင့်ပေးပါရန် နှင့်ညီ/အစ်ကို/သူငယ်ချင်းများမှလည်းမပျက်မကွက်တက်ရောက်ကြပါရန်ခင်မင်လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

| ကျင်းပမည့်ရက် | ကျင်းပမည့်အချိန် | ကျင်းပမည့်နေရာ | ကန်တော့မည့်သင်တန်းအမှတ်စဥ် |
|---|---|---|---|
| ၄-၄-၂၀၁၅ | ၀၈း၀၀-၁၀း၀၀ | Sky Star Hotel | စတသ(၂၃) |
| ၄-၄-၂၀၁၅ | ၁၀း၀၀-၁၂း၀၀ | Sky Star Hotel | စတသ(၂၆) မှ စတသ(၃၂) ထိ |
| ၄-၄-၂၀၁၅ | ၁၅း၀၀-၁၆း၃၀ | Dolphin Restaurant | စတသ(၃၃) မှ စတသ(၃၇) ထိ |
| ၅-၄-၂၀၁၅ | ၀၉း၀၀-၁၀း၀၀ | မိုးကုတ်ဆွမ်းစားဆောင်(ကမ္ဘာအေးကုန်းမြေ) | စတသ(၂၄) |
| ၅-၄-၂၀၁၅ | ၁၀း၀၀-၁၁း၀၀ | မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်(ကန်တော်ကြီး) | စတသ(၂၅) |

Sky Star Hotel -အရှေ့မြင်းပြိုင်ကွင်းလမ်း၊တာမွေမြို့နယ်။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ

ခေတ်သစ်မြန်မာ 09-36369963,09-5029456,09-254200684

| | |
|---|---|
| ရွှေစက်တော်၊ မကွေး၊ မင်းဘူး၊ ကျောင်းတော်ရာ နှင့် ပြည်ဘုရားစုံ | 40000 |
| အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ လမ်းဘုရားစုံ | 50000 |
| အလောင်းတော်ကဿပ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာဘုရားစုံ | 80000 |
| ရွှေစက်တော်၊ ပုဂံ (ဓွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ လမ်းဘုရားစုံ | 75000 |
| ပုဂံ (ဓွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ မစုဏ္ဏု နှင့် လမ်းဘုရားစုံ | 65000 |
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကတ္တူ၊ ထမ့်စမ်းဂူ | 70000 |
| ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ | 100000 |

ကားစီးလုံးငှား စီစဥ်ပေးသည်

ပယာသကြံန် အထူးခရီးစဥ်များ ကြိုတင်လက်မှတ်ရောင်းပါပြီ

ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဥ်) ✦ ခရီးစဉ်တိုင်းတွင် တည်းခိုခန်း၊တည်း+စားစရိတ် ငြိမ်း

ယုဇနပလာဇာ ယဉ်ယဉ်မိသားစု သကြံန်အဆင့်မြင့်အထူးခရီးစဉ်

ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ဖဝေါ၊ ရွှေကျောင်း

(စရိတ်ငြိမ်း ၂၀၀၀၀၀ိ/ကျပ် ဟိုတယ်အိပ်၊ ဟိုတယ်စား)

(၁၁. ၄. ၂၀၁၅) မှ (၁၅. ၄. ၂၀၁၅) ထိ

L-7 ယုဇနပလာဇာမြေညီ

ဖုန်း-၀၁-၂၀၀၇၄၇ လိုင်းခွဲ-၁၃၁၅၊ ၀၉-၇၃၀၀၉၈၄၁

ဒေါင်းနီ

နိုင်ငံရေး၊ စီးပွားရေး နှင့်လူမှုရေး ရာ မ ဂ္ဂ ဇင်း

၂၀၁၄၊ မေလမှစ၍ စတင်ထုတ်ဝေပါသည်။

နိုင်ငံရေး စီးပွားရေးနှင့်လူမှုရေးရာမဂ္ဂဇင်း တရုတ်နိုင်ငံအတွက်အရေးကြီးသော မြန်မာနိုင်ငံမြောက်ပိုင်းဒေသ၊ ဗိုလ်ချုပ်အောင်ဆန်း၏ဂုဏ်ကိုပျက်စေသော စာများ၊ ဗိုလ်ချုပ်အောင်ဆန်းဟာ စာသိပ်ဖတ်တယ်၊ အမြော်အမြင်ကြီးတယ်၊ ဘယ်သူ့ပေါ်မှာမှ အာဃာတမရှိဘူး၊ ဒိုင်ယာလော့ခ်တောင်းတဲ့ရည်ရွယ်ချက်က စစ်တန်းလျားပြန်သွားရေးဆိုရင် အဆင်သင့်မဖြစ်သေးဘူးလို့ထင်တယ် . . . စသည်တို့နှင့်အတူ ဇော်ဇော်အောင်၊ ထင်အောင်ကျော်၊ ဝင်းထွဋ်ဇော်၊ Dr.ခင်စောငြိမ်း၊ ဦးတင်ဦး (ကျူရှင်)၊ (သံအမတ်ကြီးဦးအောင်သန့်၊ ဦးအောင်ဒင်တို့နှင့် တွေ့ဆုံခြင်း) . . .

ဖုန်း - ၀၉ ၇၃၀ ၃၇၇၂၇၊ ၀၉ ၅၀၇၉၆၇၈ ဧပြီလ၊ အမှတ် ၁၂ ထွက်ပြီ

**ကန့်ကွက်ရန်ရှိပါက ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း**

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉ကေ၊ ၉အယ်လ်၊ ၉အယ်လ်၁)ရှိ (ယခင်-စီအိုဒီဝင်း) Botataung Time Square အိမ်ရာစီမံကိန်းနှင့် ပတ်သက်၍တင်ပြလျှောက်ထားလာသူများမှ ပိုင်ဆိုင်မှု အထောက်အထားတင်ပြနိုင်သည့် မြေကွက်များနှင့် မတင်ပြနိုင်သော်လည်း အခြားအထောက်အထားများတင်ပြနိုင်သည့် မြေကွက်များအား သင့်လျော်သည့်လျော်ကြေး/ခံစားခွင့်များက စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း ခိုင်လုံသောအထောက်အထားများနှင့်အတူ ဗိုလ်တထောင်မြို့နယ် အမှတ်(၂၂၈/၂၃၄)ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနခွဲရှိ စစ်ဆေးရေးအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါ မြေတိုင်းရပ်ကွက်အတွင်းရှိ တင်ပြမြေကွက်များ၏ အသေးစိတ်ဇယားများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (ဗိုလ်တထောင်မြို့နယ်)နှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

စိစစ်ရေးအဖွဲ့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဟိုက်ခြောလစ်/လေဖိအား

Fully Auto အုတ်ရိုက်စက်

ခေတ်မီမြေအုတ်ရိုက်စက် ရပြီ

(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး

09 420035 882, 09 73199 410
09 420035 884, 09 73199 257

ရောင်းရန်(ညိုနိုင်းဈေး)

➢ ဘိုင်လာနှင့်စက်ပစ္စည်းအစုံစက်ရုံ၊80'× 120'၊ ရန်ကုန်လမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်(ငါး၊ ငါးပိ-ဇုန်-၄)၊ (ပါဝါ၊ ရေ၊ မီးစုံ၊ ဂိုဒေါင်)

➢ အုန်းဆံမျှင်စက်ရုံ

လမုဝရွာ၊ ဒေးဒရဲမြို့နယ်၊ ဖျာပုံ၊ (၄ ဧက)၊ မြစ်ဘေး။

ဖုန်း-၀၉-၂၅၃၂၀၄၆၀၉

ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံကို ခရီးစဉ်

လချုပ် အချိန်ပိုင်းငှားသည်။

ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၂

စွန့်ပစ်မြေကြီးအလိုရှိသည်

ရွှေသံလွင်စက်မှုဇုန်

ဆက်သွယ်ရန်

ဖုန်း- ၀၉-၉၇၄၆၈၆၃၄၄

# သင်္ကြန်ကာလအတွင်း မူးခင်းကင်းစင်ရန် လိင်စိတ်ကြွ ဆေးနှင့် မူးယစ်ဆေးရောင်းချမှု ရှိ၊ မရှိလိုက်လံစစ်ဆေး

**သထုံ မတ် ၂၉**

ယခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် ကာလအတွင်း မူခင်းများကင်းစင်ပြီး အများပြည်သူ စိတ်အေးချမ်းမြေ့စွာ ရေကစားစေနိုင်ရန်အတွက် မတ် ၂၇ ရက်က သထုံမြို့နယ်ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်း အဖွဲ့တို့သည် သထုံမြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် လိင်စိတ်ကြွဆေး များနှင့် တရားမဝင်တားမြစ်မူးယစ် ဆေးဝါးများ ရောင်းချခြင်းရှိ-မရှိကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

"တပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလမှာ အေးအေးချမ်းချမ်းဖြစ်ဖို့ မူခင်းကြို တင်ကာကွယ်ရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ်လုပ်ဆောင်နေသလို မူးယစ်ဆေးနဲ့ လိင်စိတ်နိုးကြွစေတဲ့ ဆေးတွေ သုံးစွဲ၊ ရောင်းဝယ်ခြင်းမပြု ကြဖို့ အသိပညာပေးဆွေးနွေးပွဲတွေ ကိုလည်း လိုက်လံဆောင်ရွက်နေပါ တယ်" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်မင်းက ပြောသည်။

ယင်းသို့ဆောင်ရွက်ရာတွင်သထုံမြို့ နယ် ရဲတပ်ဖွဲ့သည် သထုံမြို့မစခန်း၊ သု ဝဏ္ဏဝတီစခန်း၊ သုဓမ္မဝတီစခန်းတို့ မှ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ နယ်မြေအလိုက်ဆောင် ရွက်လျက်ရှိပြီး ရောင်းဝယ်၊ သုံးစွဲခြင်း များတွေ့ရှိပါက ထိရောက်စွာ အရေး ယူသွားမည်ဖြစ်သည်။ **သက်ဦး(သထုံ)**



# မြစိမ်းရောင်ကဲ့သို့ကျေးရွာစီမံကိန်းအသေးစားငွေစု ငွေချေးလုပ်ငန်း အရင်းမပျောက်မတည်ငွေပေးအပ်

**ကနီ မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်တွင် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ မြစိမ်းရောင်ကဲ့သို့ ကျေးရွာစီမံကိန်းအသေးစားငွေစု ငွေချေးလုပ်ငန်း အရင်းမပျောက်မတည်ငွေပေးအပ်ပွဲကို ကနီမြို့နယ် တဇယ် ချောင်ကျေးရွာအုပ်စုတွင် အရင်းမပျောက်မတည်ငွေရရှိသည့် ရေလယ်ကျွန်း ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မတ် ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကော်မတီဝင် မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးကျော်စိုးမင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အသေးစားငွေစုငွေချေးလုပ်ငန်းအရင်းမပျောက် မတည်ငွေကျပ်သိန်း ၅၀ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးကော်မတီဝင် ဦးကျော်စိုးမင်းက ရေလယ်ကျွန်းကျေးရွာ အရင်း မပျောက်မတည်ငွေကြီးကြပ်မှုကော်မတီဝင် ဦးသိန်းဇော်ထံသို့ လွှဲပြောင်းပေး အပ်ခဲ့သည်။

အဆိုပါ မြစိမ်းရောင်ကဲ့သို့ကျေးရွာစီမံကိန်း အသေးစားငွေစုငွေချေးလုပ် ငန်း အရင်းမပျောက်မတည်ငွေကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များ မှ တစ်ခရိုင်လျှင်သုံးမြို့နယ်နှင့် တစ်မြို့နယ်လျှင်တစ်ရွာ အရင်းမပျောက်မတည် ငွေများ ထုတ်ချေးပေးအပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြား ခဲ့သည်။ **သန်းဌွေးအောင်(ကနီ)**

# မြေသားလမ်းသစ် ဖွင့်လှစ်

**မိုးကောင်း မတ် ၂၉**

နှစ် (၇၀) ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသော အားဖြင့် ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၀ နှင့် ပြည်သူများစုပေါင်း ထည့်ဝင်လှူဒါန်း ငွေတို့ဖြင့် ဆောင်ရွက်ပြီးစီးသည့် ကချင်ပြည်နယ် မိုးကောင်းမြို့ နောင်ကိုင်တော်ရပ်ကွက်ရှိ ရုံး ဟောင်းလမ်းသွယ်(၆) မြေသားလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက် နံနက် ၇ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြည်နယ်လွှတ် တော်ကိုယ်စားလှယ် ဦးစိုးနွယ်၊ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးသက်နောင်ဖြူနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးတို့က မြေသားလမ်းသစ်ကို ဖွင့်လှစ်ပေးခဲ့ ကြောင်း သိရသည်။ **(၄၉၉)**

# မြင်းကင်းလမ်းမရှိပျက်စီးနေသည့်အပိုင်းများပြုပြင်ပေးရန် ဒေသခံများလိုလား

**မကွေး မတ် ၂၉**

မကွေးမြို့နယ်ရှိ မြင်းကင်းလမ်းမသည်တချို့နေရာ များတွင်ဆိုးရွားစွာ ပျက်စီးနေသဖြင့်အုတ်သယ်ကားများ၊ သဲသယ်ဖောကားများ၊ ကုန်စည်ပို့ဆောင်ရေးကားများနှင့် အရှောင်အတိမ်း ပြုလုပ်ရာ၌ များစွာစိတ်အနှောင့်အယှက် ဖြစ်ကြသည့်အပြင် ညအခါများတွင် ယာဉ်မတော်တဆမှုများ ဖြစ်ခြင်းတို့ကြောင့် မြင်းကင်းလမ်းမကြီးအား ပြုပြင်ပေးရန် လိုလားကြောင်း ဒေသခံများကပြောသည်။

"မြင်းကင်းလမ်းမကြီးက မကွေးတိုင်းဒေသကြီးအတွက် လမ်းတံတားပြုပြင်ဆောက်လုပ်ဖို့ အုတ်၊ သဲ၊ ကျောက်သယ်ယူ ပို့ဆောင်တဲ့နေရာမှာ အဓိကအသုံးပြုကြတယ်။ ဒါ့အပြင် မကွေး တောင်တွင်းကြီး နေပြည်တော်အထိ ခရီးသွားလာနိုင် တဲ့ မီးရထားဘူတာရှိတော့ မနက်စောစောသုံးနာရီခွဲကစပြီး မီးရထားစီးလိုတဲ့ ခရီးသည်တွေလာကြတယ်။ မင်းလှ အဆောင်လမ်းခွဲကနေ အောင်မေတ္တာသစ်တောလမ်းဆုံအထိ မီးမှောင်နေသလို လမ်းကလည်းပျက်နေတယ်။ တချို့ဆိုင် ကယ်တွေ လမ်းမှာမှောက်ကြ၊ တိုက်ကြတယ်။မကွေးတက္ကသိုလ် ကနေ မြင်းကင်းရွာ နှစ်မိုင်လောက်အထိ လမ်းကပျက်စီး နေတယ်။ မကွေးတိုင်းဒေသကြီးရဲ့ အဓိကဆောက်လုပ်ရေး လုပ်ငန်းသုံးလမ်းမဖြစ်သလို ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ ဆရာ၊ ဆရာမတွေ၊ ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဒေသခံ ပြည်သူတွေ အန္တရာယ်ကင်းရှင်းစေရေးအတွက် အမြန်ဆုံးပြု ပြင်ပေးစေလိုပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် အဆောက်အအုံ များ၊ လမ်း၊ တံတားများ၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အုတ်၊ သဲ၊ ကျောက်အဓိကထုတ်လုပ်၍ အရောင်းအဝယ်ပြု လုပ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် မြင်းကင်းလမ်းမကြီး ကို အဓိကအားထားအမှီပြုနေရကြောင်း၊ချောင်းဖြူ သဘော် ဆိပ်၊ မြင်းကင်းကျေးရွာများမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံဈေးသည်များအပြင် အောင် မေတ္တာ (က၊ ခ) ရပ်ကွက်များရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် စက်မှုလက်မှု လုပ်သားများ၊ ဒေသခံများသည် မြင်းကင်းလမ်းမကြီးမှ အဓိကအားထားသွားကြရကြောင်း၊ ဒေသထွက်ကုန်သီးနှံ များ အရောင်းအဝယ်ဆက်သွယ်မှု မပြတ်သယ်ယူပို့ဆောင် နေကြကြောင်း သိရသည်။ **ဇွဲထက်ရှင်**


**Amazing Time** Travels & Tours

ကိုရီးယား ၈ရက်၇ည 10-17 April 1800 USD

ဒူဘိုင်း ၆ရက်၅ည 13-18 April 1850 USD

ပြင်သစ်-အီတလီ-ဆွီဇာလန် 14-22 April 3900 USD

139, 2nd Flr, Bagaya Road, Sanchaung Township, Yangon.

012304785, 0973211907, 0973120852, 0943064845



**Access Cherry** Travels & Tours

သင်္ကြန်အထူးခရီးစဉ် 10+1

ပုဂံ(စွယ်တော်လေးဆူ) - ပုပ္ပါး - ပခုက္ကူ(၃ည/၄ရက်)

April 12, 17 95000

အဆင့်မြင့် Hotelတည်းစားသောက်ဆိုင်စား၊ AC ကားများဖြင့်(ဧရိတ်ငြိမ်း)

Ph : 09-43053066, 09-31134601, 09-259813831, 01-400547



**GOLDEN STAR** Travels & Tours

- ရွှေစက်တော်/ပုဂံ-ပုပ္ပါး-ပခုက္ကူ Mar-26, Apr-11,12,17
- မုံရွာ-အလောင်းတော်ကဿပ Mar-20, 26, Apr-12
- တောင်ကြီး-အင်းလေး-ပင်းတယ Mar-26, Apr-11,12,17
- မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း Apr-12,17
- ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး Apr-11,12
- တောင်ကြီး-အင်းလေး-လွိုင်ကော် Apr-13
- ထားဝယ်(ရှင်ကိုးရှင်)-မော်လမြိုင်-ကော့ဝဲ Apr-11

Ph: 703448, 430480, 544383, 09-5046000, 09-5081580



နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာဆုတောင်း

ရန်ကုန်မြို့စမ်းချောင်းမြို့နယ်၊မြောင်းမြလမ်း၊အမှတ်(၉)နေ ချစ်ဒယ်ဒီဦးသိန်းအောင်(Chairmanတော်ဝင်အောင်ကုမ္ပဏီ) နှင့် ချစ်မာမီသုဓမ္မသိင်္ဂီဒေါ်အေးမြင့် တို့၏ "နှစ် (၅၀) ပြည့်ရွှေရတုရက်မြတ်မင်္ဂလာ" မှသည်နောင်နှစ်ပေါင်းများစွာတိုင်အောင်သာသနာပြုနိုင်ပြီး သား၊သမီး၊မြေး၊မြစ်များနှင့်အတူဘဝတစ်လျှောက်လုံးပျော်ရွှင် ချမ်းမြေ့စွာဖြင့်လျှောက်လှမ်းနိုင်ပါစေရန်ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။

ချစ်သား၊သမီး၊မြေး၊မြစ်များ

တော်ဝင်အောင်ကုမ္ပဏီမိသားစု။





# ဂွေးတောက်စမ်းရွာတွင် လျှပ်စစ်မီးလင်းရေးနှင့် စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

**မကွေး မတ် ၂၉**

မကွေးမြို့နယ် ဂွေးတောက်စမ်းကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် ညနေ ၆ နာရီက ဂွေးတောက်စမ်းကျေးရွာတွင်ပြုလုပ်ရာ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးခင်နိုင်က လျှပ်စစ်မီးလင်းရေးနှင့် စက်ရေတွင်းဖွင့်လှစ်ရခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေက လျှပ်စစ်မီးလင်းရေးအတွက် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ လျှပ်စစ်မီးလင်းရေးနှင့် စက်ရေတွင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်မီးလင်းရေးအတွက် 11KV (2.65) မိုင်၊ 200KVA Tramsformar တစ်လုံးနှင့် 400V လိုင်း ၄၃၀၀ ပေအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၆၃ ဒသမ ၉ သန်း၊ စက်ရေတွင်းအတွက် လေးလက်မစက်ရေတွင်းအနက်ပေ ၇၆၀ ရှိပြီး၊ ရေမြှုပ်ပန့်နှင့် မီးစက်၊ ရေစက်ရုံ၊ ရေကန်တို့ပါဝင်ပြီး ဂါလန် ၁၅၂၀ ထွက်ရှိကြောင်းနှင့် စက်ရေတွင်းအတွက်ကုန်ကျငွေ ၂၃ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းကျပ် ၈၇ သန်း အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဂွေးတောက်စမ်းကျေးရွာတွင် ယခင်အနီးနားက ကံပြားကျေးရွာတွင်သာ လျှပ်စစ်မီးရရှိခဲ့ပြီး ကိုယ့်အားကိုယ်ကိုးမီးလင်းရေး ဆောင်ရွက်မည်ဆိုပါက စုဆောင်းရမည့် ငွေပမာဏများပြားလွန်းသည့်အတွက် နှစ်ချင်းမဟုတ်ဘဲ သုံးလေးနှစ်ခွဲပြီးမှ ဆောင်ရွက်နိုင်မည့်အခြေအနေတွင်ရှိခဲ့သည်။

ယခုလိုကျေးလက်ဒေသ ဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယခုအချိန်တွင် ယင်းကျေးရွာ၌ ထင်းမီး၊ မီးသွေးတို့နှင့် ထမင်းချက်ခြင်း၊ ဖယောင်းတိုင်မီးသုံးစွဲခြင်း မရှိတော့သည့်အတွက် မီးဘေးအန္တရာယ်လည်း စိုးရိမ်စရာမရှိတော့ကြောင်း၊ ကျေးရွာစက်ရေတွင်းကိုလည်း ဒီဇယ်အင်ဂျင်အစား လျှပ်စစ်မီးနှင့်မောင်းနှင်နိုင်တော့မည့်အတွက် ရေတစ်စည်ကို ယခင်ကပေးဝယ်ရသည့်ဈေးနှုန်းထက် ပိုမိုချိုသာသောဈေးနှုန်းဖြင့် သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းတွင် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများအတွက် စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ကျောက်ပန်းတောင်း မတ် ၂၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအတွက် ကျေးရွာများ စာရင်းရှင်သို့BD လွှဲပြောင်းပေးအပ်ပွဲကို၊ မတ် ၂၄ ရက် နံနက် ၁၀နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ယခင်ဆောင်ရွက်ဆဲဖြစ်သည့် ကျေးရွာငါးရွာတို့၏ လုပ်ငန်းဆောင်ရွက်မှုနည်းနာများကို လေ့လာပြီး ပိုမိုကောင်းမွန်အောင်၊ ပိုမိုတိုးတက်အောင် စနစ်တကျနှင့် စည်းစည်းလုံးလုံး ဆောင်ရွက်သွားကြစေလိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို နိုင်ငံတော်၏အစီအစဉ်ဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန်နှင့် ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးမှုကွာဟချက်နည်းပါးစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် မိမိတို့ဒေသခံပြည်သူများအနေဖြင့်လည်း လုံ့လဝီရိယစိုက်ထုတ်၍ အောင်အောင်မြင်မြင်ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် ညောင်ဦးခရိုင်ဦးစီးမှူး ဦးအောင်ရှိန်တို့က ကျေးရွာစီမံကိန်းရန်ပုံငွေ BD ကို လွှဲပြောင်းပေးအပ်ကြရာ ကမ်းဖြူကျေးရွာနှင့် ပန်တော်ကျင်းကျေးရွာများမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ငါ့သရောက်၌ သက်ကြီးရွယ်အိုများသို့ နိုင်ငံသားစိစစ်ရေးကတ်များ အိမ်တိုင်ရာရောက်လိုက်လံဆောင်ရွက်ပေး

**ငါ့သရောက် မတ် ၂၉**



မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်(အထူး)စီမံချက်များချမှတ်ကာ မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးမကောင်းမွန်သူများကို (Home Services) အနေဖြင့် အိမ်တိုင်ရာရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၇ ရက် နံနက်ပိုင်းက ငါ့သရောက်မြို့နယ် ကံသာယာကျေးရွာသို့သွားရောက်ပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကံသာယာကျေးရွာမှ မျက်စိအမြင်အာရုံချို့တဲ့နေသူ အဘွား ဒေါ်မြကြည် (၇၅) နှစ်နှင့် အဘွား ဒေါ်မြမေ (၆၇) နှစ်တို့မှာ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးချို့တဲ့နေသဖြင့် သွားလာရေးခက်ခဲနေကြောင်းသိရ၍ ညောင်ဦးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်းနှင့် ငါ့သရောက်မြို့နယ် ဦးစီးမှူး ဦးထွန်းဝင်းနှင့် ဝန်ထမ်းများက အဆိုပါကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးအိုကေနှင့် ကျေးရွာမှတာဝန်ရှိသူများ လိုက်ပါလျက် ယင်းအဘိုးအဘွားများနေအိမ်သို့ သွားရောက်ပြီး (Home Services) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**




## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## ကျောက်မီးသွေးတင်သွင်းလိုသူများဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အတွက် ကျောက်မီးသွေးတန်ချိန်(၆၀၀၀၀)အား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့်စိတ်ပါ ဝင်စားသူများနှင့် တွေ့ဆုံဆွေးနွေးလိုပါသည်။

| | |
|---|---|
| ကျောက်မီးသွေးအမျိုးအစား | - Sub-Bituminous |
| တွေ့ဆုံဆွေးနွေးလိုသည့်နေ့ရက် | - ၆-၄-၂၀၁၅ရက် |
| တွေ့ဆုံဆွေးနွေးလိုသည့်နေရာ | - အမှတ်(၂)၊ သံမဏိစက်ရုံ(ပင်းပက်) |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

သံမဏိစက်ရုံများ ကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၈၃၄၅



# ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**ဖွင့်ဖြူ မတ် ၂၉**

မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် မတ် ၂၅ ရက်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိသည့် အသေးစား ငါးသားဖောက်စခန်းအား စစ်ဆေးခဲ့သည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးထားသော ငါးသားဖောက်စခန်းမှ ငါးသားဖောက်ပြီး ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ဆည်တမံများ၊ မြစ်ချောင်းအင်းအိုင်များနှင့် ကျေးရွာဖွံ့ဖြိုးရေးကန်များတွင် ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးသွားရန်၊ အနီးပတ်ဝန်းကျင်ရှိ ငါးမွေးမြူသူများအား ငါးသားပေါက်များ ဖြန့်ဖြူးပေးသွားရန်နှင့် ငါးသားပေါက်ရာသီချိန်အမီ သားဖောက်နိုင်ရန် မျိုးငါးများကို စနစ်တကျမွေးမြူရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျွဲတိကျေးရွာသို့ရောက်ရှိပြီး ကျေးရွာ၏လူမှုစီးပွားအခြေအနေများနှင့် လူနေမှုစနစ်များကို ကြည့်ရှုလေ့လာပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာရှိ အိမ်ထောင်စု၏ ၃၀ ရာခိုင်နှုန်းခန့်သာ ရေအိမ်တည်ဆောက်သုံးစွဲမှုရှိကြောင်း၊ ကျေးရွာသူ ကျေးရွာသားများ၏ တင်ပြချက်အပေါ် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရွှေဘိုကျေးရွာအနီးရှိ ငါးလုပ်ငန်းဦးစီးဌာန၊ ပွင့်ဖြူငါးလုပ်ငန်းစခန်းသို့ရောက်ရှိပြီး ငါးသားပေါက်ထုတ်လုပ်ခြင်းကို လျာထားချက်ကျော်လွန်အောင်ထုတ်လုပ်ရန်၊ ဒေသမျိုးရင်းငါးမျိုးများကို သားဖောက်ထုတ်လုပ်၍ မျိုးထိန်းသိမ်းရန်နှင့်ဒေသဖွံ့ဖြိုးရေး စားနပ်ရိက္ခာဖူလုံရန်ငါးလုပ်ငန်းကဏ္ဍဆိုင်ရာ စီမံချက်ရေးဆွဲဆောင်ရွက်ရန် မှာကြားခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# စဉ့်ကိုင်မြို့နယ်တွင် ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**စဉ့်ကိုင် မတ် ၂၉**

စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်းကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မည့် ကျေးလက်လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို မတ် ၂၂ ရက်မှ ၂၄ ရက်ထိ စဉ့်ကိုင်မြို့နယ် ဖလံဗိုလ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွင် ကျေးလက်ဦးစီးဌာန၊ မွေးမြူရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ ကျေးလက်လမ်းတံတား၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ မြစိမ်းရောင်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ငါးသားဖောက်ခြင်းနည်းပညာ၊ ငါးမွေးမြူရေးဆိုင်ရာနည်းစနစ်များ၊ ငါးမွေးမြူရေးနည်းပညာများ၊ တိရစ္ဆာန်မွေးမြူပုံနည်းစနစ်နှင့် ဇီဝလုံခြုံမှု၊ အာဟာရတန်ဖိုးမြင့် နေပီယာမြက်အကြောင်းနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါအကြောင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ စဉ့်ကိုင်မြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာ ၂၇ ရွာမှ ကျေးလက်လူငယ် ၁၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပန်ပန်**

# ကံမမြို့၌ မော်တော်ယာဉ်လှူဒါန်း

**ကံမ မတ် ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ ရွှေစည်းခုံဘုရားမွှာရုံတွင် မတ် ၂၅ ရက် နံနက် ၉ နာရီက မော်တော်ယာဉ် ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီမှ ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိသော NISSAN CARAVAN အမျိုးအစား မော်တော်ယာဉ်အား ကံမမြို့ အရိပ်စစ်လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်တကွ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

# ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မတ် ၂၆ ရက် နံနက် ၉ နာရီက လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၅) ကို ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးတွင် ဥတ္တရခရိုင်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်လွင်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် မဲစာရင်းစနစ်တကျ ကောက်ယူထားရှိမှုအခြေအနေ၊ မဲရုံနေရာရွေးချယ်ရေးကိစ္စ၊ ခရိုင်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ဝင်များမှ ဥပဒေ၊ နည်းဥပဒေစာအုပ်များကို လေ့လာဖတ်ရှုကြရန်နှင့် ကော်မရှင်လုပ်ငန်းများအား နယ်မြေကွင်းဆင်းလုပ်ဆောင်ရာတွင် မြို့နယ်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ပူးပေါင်းပြီးဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ဝင်များမှ တစ်ဦးချင်းအလိုက် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး ခရိုင်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသိဟထွန်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်စိုးက အခြေခံမဲဆန္ဒရှင်စာရင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**

Save the Children

National Open Tender

Tender Reference : NOT-004/IT-2015

Save the Children is the world's leading independent organization for children. We work in 120 countries. We save children's lives; we fight for their rights; we help them fulfill their potential. We work together, with our partners, to inspire breakthroughs in the way the world treats children and to achieve immediate and lasting change in their lives. We have over two million supporters worldwide and raised 1.6 billion dollars in 2011 to reach more children than ever before, through programmes in health, nutrition, education, protection and child rights, also in times of humanitarian crises.

Save the Children International (Myanmar) is inviting submissions of tenders for a Framework Agreement contract for one year to provide the following IT equipments:

(Laptop, Computer Desktop, Copier, Printer, Scanner, Mobile phone and LCD Projector)

Detailed technical specifications are included within the tender documents.

If you are interested in submitting a bid, please collect the tender documents are available during office hours from 9:00am to 5:00pm commencing from the 30th of March 2015 at logistics department, Save the Children Office, No 224 A, 2nd Floor, Solomon Building, U Wisara Road, Bahan Tonship, Yangon, Myanmar. Tel: 09 8610062~65 Ext 291, 09 8586674.

Deadline for bidding Document submission is **27 April 2015** by noon.

POPULAR STAR Travel & Services
Find us on Facebook
လန်းဆန်းပျော်ရွှင် သကြင်္န်ခရီးစဉ်
တောင်ကြီး - အင်းလေး - ပင်းတယ
ကလော - ထမ့်ဆမ်း - ရွှေတော်ကဏ္ဍ
Mar 26 - 130000 ကျပ်
Apr 11,12,13,17 - 190000 ကျပ်
မန္တလေး - ပင်းကူန်း
ပြင်ဦးလွင် - စစ်ကိုင်း
Mar 26 - 130000 ကျပ်
Apr 12,17 - 150000 ကျပ်
Scania (2+2) Bus, 3 Stars Hotel, Restaurants
အမှတ် ၀၄ (ပထမထပ်)၊ နန့်သာလမ်း၊ ဌာနာချုပ်ကွက်၊ အလုံမြို့နယ်။
Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

နိုင်ငံတကာအသိအမှတ်ပြုဘွဲ့များကို အချိန်တိုအတွင်းကုန်ကျစရိတ် သက်သာစွာဖြင့်
လေ့လာသင်ယူနိုင်မည့်အခွင့်အလမ်းများ

- မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားပြီး စီးပွားရေးဘာသာရပ်နှင့် အင်ဂျင်နီယာဘာသာရပ်ကို စိတ်ပါဝင်စားသူများအတွက် HigherDiploma in Business Management နှင့် Higher Diploma in Electronics Engineering / Mechatronics Engineering
- HND နှင့် အသိအမှတ်ပြုဒီပလိုမာကိုင်ဆောင်ထားသူများအတွက် London South Bank University မှ ပေးအပ်မည့် BSc (Hons) in Business Management (Top-Up)
- HND၊ B-Tech၊ BE နှင့် အသိအမှတ်ပြုဒီပလိုမာ ကိုင်ဆောင်ထားသူများအတွက် University of Volverhampton မှ ပေးအပ်မည့် BE (Hons) in Electronic & Communication Engineering / Mechatronics၊ Birmingham City University မှ ပေးအပ်မည့် BE (Hons) in Electronic Engineeing (Microelectronics)
- မြန်မာနိုင်ငံမှ အသိအမှတ်ပြုဘွဲ့ရရှိထားပြီးသူများအတွက် MBA နှင့် B-Tech၊ BE ပြီးဆုံးထားသူများအတွက် MSc in Project Management

Date
31-3-2015(Tuesday)
Time
2:30 to 4:30 PM
Venue
SR Worldwide Education Office

အသေးစိတ်သိရှိလိုပါက
SR WORLDWIDE EDUCATION STUDY ABROAD SPECIALIST SERVICES
Level 4, MMC City Campus 47/48 Bahosi Building, Lanmataw Township, 11131, Yangon, Myanmar.
Phone - 01 210 765, 09 542 8848, 09 543 8848 Email - info@sr-education.com Website - www.sr-education.com

## ကျေးဇူးတင်လွှာ

၂၀၁၃–၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ဦးဝင်းဟုန် (မန်နေဂျင်းဒါရိုက်တာ) 'ဖွဲသစ်နေ' ကုမ္ပဏီ + ဒေါ်စန်းဟုန် (ကောင်း–ဆေးဆိုင်) ကော့သောင်းမြို့တို့၏သမီး၊ ဒေါ်ရှုဟုန်၏တူမ၊ မောင်ပြည့်ပိုင်ပိုင်၏ညီမ၊ 'မဆုဆုထက်' အား ဂုဏ်ယူဝမ်းမြောက်စွာ ဆုချီးမြှင့်ပေးခဲ့ကြသော

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (ဂုဏ်ထူးဆောင်နာယက) ထားဝယ်အသင်းနှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစု၊ ဒုတိယဗိုလ်မှူးကြီး သန့်ဇင် (ငြိမ်း) (MEC) နှင့် ဇနီး ဒေါ်အေးအေးမော်၊ ဗိုလ်ကြီးသောင်းထွန်း (ငြိမ်း) ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဇနီး ဒေါ်ရီရီငွေ၊ ထားဝယ်အသင်းဥက္ကဋ္ဌ ဦးခင်စိုးနှင့် ဂုဏ်သရေရှိအသင်းသားများ၊ ကော့သောင်းအသင်းဥက္ကဋ္ဌ ဦးမောင်မောင်အောင်နှင့် ဂုဏ်သရေရှိအသင်းသားများ၊ ပုလောအသင်းဥက္ကဋ္ဌ ဦးမောင်လှနှင့်ဂုဏ်သရေရှိအသင်းသားများ၊ ပြင်ဘုကြီးကျေးရွာ (တွဲဖက်အထက်တန်းကျောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုလွင်၊ ဆရာ ဦးကြီးညွှန့်၊ ဦးလေး ဦးဘမြင့်နှင့် ဘွားဘွား ဒေါ်ခင်ရီမိသားစု၊ ငယ်စဉ်မှပညာသင်ကြားပေးခဲ့ကြသော အထက(၁) ဒဂုံမှ ကျောင်းအုပ်ဆရာကြီးနှင့်တကွ ဆရာ၊ ဆရာမများ၊ မူလတန်းပညာသင်ကြားပေးခဲ့ကြသော အမက (၁၈) တာမွေမှ ဆရာ ဆရာမများ၊ ဆရာ ဦးလင်းဦး စာသင်ဝိုင်းမှ ဆရာ ဆရာမများအားလုံးအဖက်ဖက်မှ သင်ကြားပံ့ပိုးပေးခဲ့ကြသော ဆရာ ဦးဝင်းခိုင်၊ ဆရာမ ဒေါ်ခင်မာငွေ၊ ဦးစန်းမြင့် + ဒေါ်ခင်လေးခိုင် သမီး မသင်းနေခြည်ဆန်းတို့အား လှိုက်လှဲစွာဖြင့် ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။

ဦးဝင်းဟုန် + ဒေါ်စန်းဟုန်

(သား) မောင်ပြည့်ပိုင်ပိုင်၊ (သမီး) မဆုဆုထက်

## စားသောက်ဆိုင်လုပ်ငန်းပိုင်ရှင်နှင့် စားသုံးသူများသို့ မေတ္တာရပ်ခံပန်ကြားချက်

* **စားသုံးသူများအနေဖြင့်** ကျသင့်ငွေကို ပေးချေချိန်တွင် အခွန်တံဆိပ်ခေါင်းကပ်ထားသောပြေစာကို **မဖြစ်မနေ** တောင်းယူကြပါရန်။
* **စားသောက်ဆိုင်များကလည်း** စားသုံးသူက တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ အခွန်တံဆိပ်ခေါင်းကပ်နှိပ်ထားသည့် ပြေစာများကို **မဖြစ်မနေ** ထုတ်ပေးပါရန်။
* စားသုံးသူများအနေဖြင့် ပြေစာထုတ်မပေးသော စားသောက်ဆိုင်များကို တွေ့လျှင်ဖြစ်စေ၊ အခွန်တံဆိပ်ခေါင်း မပါရှိသော(သို့မဟုတ်) ကျသင့်အခွန်ကို အပြည့်အဝကပ်ထားခြင်းမရှိသော ပြေစာကိုရရှိလျှင်ဖြစ်စေ အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ **တိုင်ကြားခြင်းဖြင့် ကူညီကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး**

**အမှတ်-၁၆၃/၁၆၇၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၁-၂၅၂၅၄၃၊ ၀၁-၂၅၂၅၄၇၊ ၀၁-၃၇၂၃၀၈**

**အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့်M.V GOLDEN FAN V.25 သင်္ဘောသည် ၁-၄-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**




**ကားမျိုးစုံငှားနိုင်ပါသည်။**

ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်းငှားနိုင်ပါသည်။ ယဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။

**MT & K Tours Ph-656573**

**09-31065335, 09-975599880**

## Batching Plant / AG

## ရောင်းမည်

လက်ရှိလည်ပတ်နေသော 30m³/hour batching plant (wet mix)နှင့် AG (၄)စီး၊ Loader၊ Generator complete set တစ်စုံကို ရောင်းရန်ရှိပါသည်။

**ဆက်သွယ်ရန်ဖုန်း- 09-5010385/ 09-73124217**

## ရောင်းမည်

(သိန်း ၅၁၀၊ ညှိနှိုင်း)

အသင့်ပြင်ဆင်ပြီး၊ တတိယအလွှာ၊ (13.5' x 55'), 2 Bedroom, Korea ပါကေးနှင့် ကြွေပြားခင်းပြီး၊ သစ္စာလမ်းနှင့် သံသုမာလမ်းဆုံအနီး။

**Ph: 09-73166680, 09-5159822, 09-5141080**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

<u>ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ရန်ကုန်-မန္တလေး အမြန်ရထားများနှင့် မြို့ပတ်ရထားတွဲများ အဆင့်မြင့်သန့်ရှင်းမှုနှင့် တွဲထိန်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း</u>

၁။ မြန်မာ့မီးရထားသည် ခရီးသည်ဝန်ဆောင်မှုအဆင့်တိုးမြှင့်နိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ရန်ကုန်-မန္တလေး လူစီးအမြန်ရထားများနှင့် မြို့ပတ်ရထားတွဲများ အဆင့်မြင့် သန့်ရှင်းမှုနှင့် တွဲထိန်းဝန်ဆောင်မှုလုပ်ငန်း အပ်နှံလိုပါသည်။ ဟိုတယ်နှင့် ကုန်တိုက်အဆင့်မီ သန့်ရှင်းရေးလုပ်ငန်း အတွေ့အကြုံရှိသည့် စိတ်ဝင်စားသူ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများဖြင့် လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(Expression of Interest)တွင် လုပ်ငန်းစဉ်အား အဆိုပြုဖော်ပြလျက် အောက်ပါအထောက်အထား၊ အချက်အလက်များနှင့်အတူ ဒုတိယအထွေထွေမန်နေဂျာ (ထောက်ပံ့) ဗိုလ်တထောင်မြို့၊ ရန်ကုန်အား (၃၀-၄-၂၀၁၅)ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့ပါရန် ဖိတ်ခေါ်ပါသည်။

(က) ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည်(မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်)

(ခ) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်(မိတ္တူပူးတွဲ)နှင့် ဆက်သွယ်ရန်လိပ်စာ

(ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ(မိတ္တူပူးတွဲ)

(ဃ) လုပ်ငန်းလိုင်စင်(မိတ္တူပူးတွဲ)

(င) လုပ်ငန်းတည်နေရာ(လိပ်စာအပြည့်အစုံ)

(စ) ဟိုတယ်နှင့်ကုန်တိုက်အဆင့် သန့်ရှင်းရေးလုပ်ငန်းဆိုင်ရာအတွေ့အကြုံအသေးစိတ်၊ အထောက်အထား၊ ထောက်ခံချက်များ၊

(ဆ) ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား(မိတ္တူပူးတွဲ)

(ဇ) ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ( Conceptual Plan)

၃။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း အောက်ပါ တယ်လီဖုံးနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

၀၆၇-၇၇၀၁၁၊ ၀၆၇-၇၇၀၅၄၊ ၀၆၇-၇၇၁၇၆၊ ၀၁-၃၈၅၆၄၈

၄။ EOI ပုံစံများကို အောက်ပါဌာနတွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။
ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၂၉၄၃၅၂၊ ၀၁-၂၉၁၉၉၄

**VAC** VALUE ADDED CONSULTANCY

**မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း**

Like **Value Added Consultancy**

## Job Openings for Foreign Firms

**Sales Manager** (Vietnam Co) USD 3000 M/F(1)
- Any Grad, 7yrs Exp in Sales Management Field & Home Appliances, Electronics is preferable;

**Public Relation Manager** (Korean Co) M/F(2)
- Any Grad, Exp in Public Relation, Corporate Communication Field;

**Receptionist** (Japan Co) USD 300 F(2)
- Any Grad, 2 yrs Exp in Front Office, Communcation Field (Preferable in Banking & Hospital);

**Programmer** (Japan Co) USD 300 F(2)
- B.C.Sc / B.C.Tech / BE (IT), No Need Experience;

**Andriod Developer** - B.C.Sc / Any Grad, 2 yrs Exp in Relevant Field; M/F(2)

**Construction Manager** M(2)
- BE (Civil), 10 yrs Exp in Construction Field & Oversea Experience is more preferable;

